# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၂၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ သောကြာနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မကြာမီကာလတွင် ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# တပ်မတော်အနေဖြင့် နိုင်ငံပိုင်နက်နယ်မြေကို လက်ရှိအတိုင်း အလေးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဖေကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး၊

*စာမျက်နှာ ၇ ကော်လံ ၁* ☆

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။**

(မြဝတီ)


ယနေ့ မာတိကာ

**ဆီးရီးယားသမ္မတ အစိုးရသစ်ဖွဲ့စည်း၊ နောက်ထပ်ခုနစ်နှစ်သမ္မတထမ်းဆောင်မည်** စာ » ၄

**ရှေ့သို့ဆက်လက်တက်လှမ်းနေသည့် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ** ဆောင်းပါး စာ » ၆

**ဆန်ချက်ဇ်ရဲ့ဂိုးနဲ့ အာဆင်နယ်နောက်တစ်ဆင့်တက်ပြီ** စာ » ၁၄

**ချင်းပြည်နယ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ်ဈေးထပ်မံဖွင့်လှစ်မည်** စာ » ၁၇


## ရန်ကုန်မြို့သစ်စီမံကိန်းသတင်းထုတ်ပြန်ချက်

ရန်ကုန် ဩဂုတ် ၂၈

၁။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့ အစိုးရအနေဖြင့် ရန်ကုန်မြို့၏ လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ ထိုသို့ မြို့တိုးချဲ့မှုကို လက်ရှိရန်ကုန်မြို့၏ အနောက်ဘက်တွင် ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းအကြား၊ လှိုင်မြစ်နှင့် လှိုင်သာယာ-တွံတေးကားလမ်းအကြား မြေနေရာများကို လျာထားပါသည်။

၂။ အစိုးရသစ်တာဝန်ယူသည့်ကာလမှစတင်၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများဖြင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူထုဆန္ဒသဘောထားများလေ့လာဆန်းစစ်ခြင်း၊ ဖြည့်ဆည်းပေးရမည့်အခြေခံအဆောက်အအုံများ အပါအဝင် ဖြစ်နိုင်စွမ်းလေ့လာဆန်းစစ်ခြင်း၊ Conceptual Plan များရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အပိုင်းမှ ထိုသို့ဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှစိတ်ဝင်စားသူများကလည်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို စွမ်းဆောင်နိုင်မှုအတိုင်းအတာအလိုက် ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

၃။ ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့သစ်စီမံကိန်းသည် အခြားစီမံကိန်းများ တည်ဆောက်သကဲ့သို့ နိုင်ငံတော်၏ ဘဏ္ဍာငွေကုန်ကျသုံးစွဲမှုမပြုဘဲ

*စာမျက်နှာ ၅ ကော်လံ ၅* ❋

## မြန်မာနိုင်ငံသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ယခုနှစ်အတွင်းဝင်ရောက်လာစေရန် ကနေဒါလုပ်ငန်းရှင်များကို အကြံဉာဏ်ပေးမည်ဟု ကုန်သွယ်ရေးဝန်ကြီးပြောကြား

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာထောက်ပံ့မှုသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည်။ ဒီမိုကရေစီဖော်ဆောင်ရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအား အကူအညီပေးနေသည့် နိုင်ငံများအနက် ကနေဒါနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး အပြန်အလှန်ထားရှိကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများစွာကိုလည်း ကနေဒါနိုင်ငံမှ ပေးအပ်လျက်ရှိသည့်အပြင် အာဆီယံနိုင်ငံများနှင့်ပေါင်းစည်းရေး ကြိုးပမ်းလျက်ရှိသည့် ကနေဒါနိုင်ငံမှ လာမည့်နှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းဆိုင်ရာ ပူးတွဲကြေညာချက်အသစ်ကို မလေးရှားနိုင်ငံတွင် ချမှတ်သွားရန် ရည်ရွယ်လျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ■




**ကနေဒါနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီး The Honourable Edward Fast ။**

## စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၈

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ (၁ လက်မခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အတက်ရောဂါကာကွယ်ရေး

ဝက်ရူးပြန်ရောဂါဟု လူသိများသော အတက်ရောဂါသည် မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို ယခုတိုင် အတိအကျ မပြောနိုင်သေးပေ။ သို့သော် ဦးနှောက်အတွင်း လျှပ်စီးကြောင်းများ ရုတ်တရက် မူမမှန်ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတောင့် တင်းကာ တုန်ပြီးသတိလစ်သွားရခြင်းဖြစ်ကြောင်း ဆရာဝန် သုတေသီများက လျှပ်စစ်လှိုင်းမှတ်စက်မှတစ်ဆင့် သိရသည်ဟု ဆိုလေသည်။ ဤအတက်ရောဂါသည် နာ့ဗ်ကြောအဖွဲ့တွင် ကျရောက်သည့် ရောဂါကြောင့် ဖြစ်ရသည်ဟုလည်း ဆိုကြသည်။

ယေဘုယျအားဖြင့် ထိုရောဂါသည် မျိုးရိုးဇာတိနှင့် မဆိုင်ချေ။ တစ်ဦးမှတစ်ဦးလည်း ကူးစက်တတ်သော ရောဂါလည်းမဟုတ်ပေ။ ပြင်းထန်သော အတက်ရောဂါခံစားရလျှင် ဝေဒနာရှင်သည် ရုတ်တရက် သတိမေ့သွားပြီး လဲကျသွားတတ်သည်။ ကြွက်သား များပြင်းထန်စွာလှုပ်ရှားလာပြီး တက်တတ်လေသည်။ ထိုသို့ ဖြစ်ရခြင်းသည် နှစ်မိနစ်မှ ငါးမိနစ်အထိ ကြာတတ်သည်။ အတက်ရောဂါသည် ပုံမှန်အားဖြင့် ငါးမိနစ်ခန့်သာ တက်တတ်သည် ဆိုသော်လည်း ထို့ထက်ကျော်လွန်ပါက အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်နိုင်သည်။ သို့သော် အတက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိတော့ပါ။ အကြောင်းသည်ကား ဤအတက်ရောဂါသည် ကုသပျောက်ကင်းနိုင်သော ရောဂါဖြစ်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အတက်ရောဂါကာကွယ်ရေး စီမံချက်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။ အတက်ရောဂါဝေဒနာရှင်များအား ရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသပေးခြင်းနှင့် အတက်ရောဂါကာကွယ်ရေးနည်းလမ်းများ ဟောပြောပေးခြင်းစသော အစီအစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤစီမံချက်သည် ၂၀၁၃ ခုနှစ်ကစတင်ပြီး လေးနှစ်ဆက်တိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အတက်ရောဂါသည် ကမ္ဘာပေါ်တွင် လူပေါင်းသန်း ၅၀ ခန့်ခံစားနေရပြီး မြန်မာနိုင်ငံတွင်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က လှည်းကူးနှင့် မှော်ဘီမြို့နယ်များတွင် စီမံချက်အရ စာရင်းပြုစုခဲ့ရာ လူ ၁၀၀၀ လျှင် တစ်ယောက်နှုန်းဖြစ်ပွားနေကြောင်း သိရသည်။ ယခု ၂၀၁၄ ခုနှစ်အတွင်း အတက်ရောဂါကာကွယ်ရေးစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ ကော့မှူးမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ အတက်ရောဂါကာကွယ်ရေးနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းများကိုလည်း သင်တန်းများပို့ချပေးလျက်ရှိသည်။

အတက်ရောဂါခံစားနေရသူများအနေဖြင့် ဦးနှောက်ကိုတိုက်ရိုက်ထိခိုက်စေမည့် အရက်သေစာသောက်စားခြင်း၊ အိပ်ရေးအလွန်ပျက်ခြင်း၊ မူးယစ်ထုံထိုင်းစေသော ဆေးဝါးများသုံးစွဲခြင်းမှ ရှောင်ကြဉ်သင့်သည်ဟု ဆရာဝန်များက အသိပေးထားပါသည်။ ဆရာဝန်များညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် အတက်ရောဂါကြောင့် အသက်ဆုံးရှုံးနိုင်တော့မည်မဟုတ်တော့ပါ။ သို့ပါ၍ အတက်ရောဂါခံစားနေရသူများအနေဖြင့် အတက်ရောဂါကာကွယ်ရေးစီမံချက်အတိုင်း မိမိတို့ရောဂါများပျောက်ကင်းသည်အထိ သွားရောက်ကုသမှုခံနိုင်ရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)၏ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ပြည်ထောင်စုခန်းမ၌ကျင်းပရာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် တက်ရောက်ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအရာရှိကြီးများ၊ တာဝန်ရှိသူများ၊ သင်တန်းဆင်းဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်က အမျိုးသမီးဗိုလ်လောင်းတစ်ဦးစီအား ပြန်တမ်းဝင်လက်မှတ်များပေးအပ်၍ ပြန်တမ်းဝင်အဖြစ်ခန့်အပ်ပေးခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ ပြန်တမ်းဝင်အရာရှိခန့်အပ်ရာ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက်ဦးစီးရုံးနှင့်တပ်များတွင် ၉၂ ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက်တပ်များတွင် ငါးဦးနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်တပ်များတွင် သုံးဦးအသီးသီး တာဝန်ပေးခန့်အပ်ခဲ့သည်။

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁)တွင် ဗိုလ်လောင်းအင်အား ၁၀၀ တက်ရောက်ခဲ့ကာ နိုင်ငံခြားဘာသာဘွဲ့၊ စီးပွားရေးဆိုင်ရာဘွဲ့နှင့် အခြားဘာသာရပ်ဆိုင်ရာ ဘွဲ့များပါဝင်ပြီး မဟာဘွဲ့ရသူ ၅၆ ဦး မဟာဘွဲ့တက်ရောက်ရန် အရည်အချင်းမီသူ ၃၉ ဦး၊ ရိုးရိုးဘွဲ့ငါးဦးတို့ဖြစ်ကြောင်း သိရသည်။

(မြဝတီ)



(ယာပုံ)

### ဥပဒေအရ အရေးယူဆောင်ရွက်ရာ၌ မှုခင်းဖြစ်လာမှတုံ့ပြန်ခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းများပြုလုပ်

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်း မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရာမညဇာနည်ခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်တင်ခြင်း(Third Wave) လုပ်ငန်းစဉ်မှ အသွင်ကူးပြောင်းရာတွင် ဥပဒေအရအရေးယူဆောင်ရွက်ရာ၌ မှုခင်းဖြစ်လာမှတုံ့ပြန်ခြင်း (Reactive Response) ထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းများပြုလုပ်ခြင်း (Proactive Prevention) သို့ ဦးတည်ဆောင်ရွက်ရန်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပကြောင်း သိရသည်။ အခမ်းအနားကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့ဦးစီး ပထမတန်း ဒုရဲမှူးကြီး ခင်မောင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တရားလွှတ်တော်တရားသူကြီးရုံးအဖွဲ့များ၊ မော်လမြိုင်မြို့ အထောက်အကူပြုကော်မတီများ ၅၀ ခန့် တက်ရောက်သည်။

ရှေးဦးစွာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းတွင် အဓိကရည်မှန်းချက် (၇)ချက်တွင် မှုခင်းများ ကာကွယ်တားဆီးရန်နှင့် တိုက်ဖျက်ရန်ဟု ပါရှိရာ ဥပဒေအရ အရေးယူဆောင်ရွက်မှု၏အခြေခံအလေးထားမှုသည် မှုခင်းဖြစ်လာမှတုံ့ပြန်ခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ခြင်း၊ တို့ကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့တစ်ခုတည်းအနေနှင့် ဆောင်ရွက်၍မရဘဲ တရားရေး၊ ဥပဒေ၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ဥပဒေအရ အရေးယူရာ၌ မှုခင်းများဖြစ်လာမှ တုံ့ပြန်ခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊ အုပ်စုများဖွဲ့၍ ဆွေးနွေးခြင်း၊ ဖြစ်ပွားလာသော မှုခင်းများနှင့်ပတ်သက်၍ တုံ့ပြန်စရာများကို အုပ်စုအဖွဲ့လိုက် တင်ပြဆွေးနွေးခြင်းများ၊ မှုခင်းများမဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုများကို သတင်းရယူခြင်း၊ သတင်းရရှိမည့် ဦးတည်ရာစောင့်ကြည့်ခြင်း၊ သတင်းပေးပို့ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း စသည့် ကြိုတင်ကာကွယ်မှုများဖြင့် ဆောင်ရွက်ပါက မှုခင်းများကို မဖြစ်ခင်က ကြိုတင်ကာကွယ်သင့်ကြောင်းများကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းလှိုင်(မော်လမြိုင်)**




### ပြန်/ဆက်စာကြည့်တိုက်သို့ ဦးဟန်ညွန့်(ဥပဒေ)စာအုပ်လှူဒါန်း

**မူဆယ် ဩဂုတ် ၂၈**

ဥပဒေပညာရှင် စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ) သည် ၎င်းပြုစုရေးသားထုတ်ဝေသော "ဖြူစင်သောစိတ်ထားနှင့် တရားဥပဒေစိုးမိုးရေး" အမည်ရှိ ဥပဒေပညာပေးဆောင်းပါးပေါင်းချုပ်စာအုပ်ကို အများပြည်သူများလေ့လာဖတ်ရှုနိုင်စေရန် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက မူဆယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးထံမှတစ်ဆင့် ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)



ပြည်တွင်းသတင်း

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁)သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် မှော်ဘီမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ကျောင်းဆင်းအရာရှိကြီးများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကျောင်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာ သုံးဆောင်ပြီးချိန်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူ မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတွင် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(မြဝတီ)

# မန္တလေးတိုင်းဒေသကြီးအတွင်း ၃၀၀ မဂ္ဂါဝပ်ရှိ နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းလည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး



**လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံ အခြေစိုက် ACO Investment Group LLC and Convalt Energy LLC တို့ အကြား မန္တလေးတိုင်း ဒေသကြီးအတွင်း ၃၀၀ မဂ္ဂါဝပ်ရှိ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ လည်ပတ်မောင်းနှင် ရေးနှင့် လွှဲပြောင်း ပေးအပ်ရေး ဆိုင်ရာ သဘောတူညီချက် (MOA) လက်မှတ်ရေးထိုးစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် ACO Investment Group LLC and Convalt Energy LLC တို့အကြား မန္တလေးတိုင်းဒေသကြီးအတွင်း ၃၀၀ မဂ္ဂါဝပ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၊ လည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာသဘောတူညီချက် (MOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေး၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာ မိုက်ကယ်ဖရိုမန်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် ACO Investment Group LLC and Convalt Energy LLC မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ရှိရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် အရင်းအမြစ်များ ပေါများသော်လည်း စက်ရုံတည်ဆောက်ပြီးစီးရန် ငါးနှစ်မှ ၁၀ နှစ်အထိ အချိန်ယူဆောင်ရွက်ရပြီး ရင်းနှီးမြှုပ်နှံမှုငွေပမာဏလည်း အလွန်များပြားပါကြောင်း၊ သဘာဝဓာတ်ငွေ့ရရှိနိုင်မှုမှာလည်း အကန့်အသတ်ရှိနေခြင်းကြောင့် အခြားစွမ်းအင်အသစ်များ ရှာဖွေသုံးစွဲရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

အမေရိကန်နိုင်ငံ ACO ကုမ္ပဏီက မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးတွင် နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အလားအလာရှိသော မြင်းခြံခရိုင် နဘူးအိုင်နှင့် မိတ္ထီလာခရိုင် ဝမ်းတွင်း ဒေသတို့၌ Survey ပြုလုပ်ပြီး တွက်ချက်တိုင်းတာခဲ့ပါကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောမြေနေရာကို မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် နဘူးအိုင်နှင့် ဝမ်းတွင်းစက်ရုံနှစ်ခုမှ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ထုတ်လုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် နွေရာသီကြုံတွေ့ရသည့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို အဆိုပါ Solar ဓာတ်အားပေးစက်ရုံများက ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် အထူးအလေးအနက်ထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားသုံးစွဲလိုသူများ၏ ဓာတ်အားလိုအပ်ချက် တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းလျက်ရှိရာ ပြည်တွင်းပြည်ပပုဂ္ဂလိကကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို ပါဝင်လာခြင်းကို အားပေးဆောင်ရွက်လျက် ရှိပါကြောင်း။

ယခု ACO က ဆောင်ရွက်မည့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားဖြစ်ခြင်းကြောင့် ယနေ့ကမ္ဘာက အလေးထားနေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးတို့အတွက် ထိရောက်အကျိုးရှိသော စီမံကိန်းဖြစ်ကြောင်း၊ ယခုဆောင်ရွက်သည့် စီမံကိန်းသည် ပြည်ထောင်စုအစိုးရလက်ထက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသည့် စီမံကိန်းဖြစ်သည့်အတွက် အလားတူစီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုက ရင်းနှီးမြှုပ်နှံရခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ ယခု Solar စီမံကိန်းသည် သန့်စင်သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်၍ ကမ္ဘာ့အသိုက်အဝန်းတွင် ရာသီဥတုပြောင်းလဲမှုကို ခြိမ်းခြောက်နေခြင်းကို လျှော့ပါးသက်သာစေရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr.Michael Froman က ယနေ့ လက်မှတ်ထိုးပွဲသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း၊ ယခု Solar စီမံကိန်းသည် အလုပ်အကိုင်များရရှိစေခြင်း၊ ဓာတ်အားစနစ်အတွက် လိုအပ်သောဓာတ်အားများ ဖြည့်ဆည်းပေးခြင်းနှင့် ဒေသတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွက် လုပ်ငန်းများ ၅၀၀ ခန့်ကိုအထောက်အကူပြုနိုင်ပြီး စီမံကိန်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၄၈၀ ၏ ၂၀ ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမည်ဖြစ်ရာ အမေရိကန်၏ လုပ်ငန်းများကိုလည်း အထောက်အကူပြုသဖြင့် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိပါကြောင်း။

စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို နေရောင်ခြည်စွမ်းအင်ဖြင့် ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီတွင် နေရောင်ခြည်မှထုတ်လုပ်မှု လျော့သည့်အခါ ရေအားဖြင့် ဖြည့်ဆည်း၍ နွေရာသီတွင် ရေအားမှထုတ်လုပ်မှု လျော့သည့်အခါ နေရောင်ခြည်စွမ်းအင်ဖြင့် ဖြည့်ဆည်းပေးနိုင်ပါကြောင်း။

ထို့အပြင် စီမံကိန်း၏ အနီးပတ်ဝန်းကျင်ဒေသနေ ပြည်သူများအတွက် လမ်းများဖောက်လုပ်ခြင်း၊ ကျောင်းများအတွက် စာကြည့်တိုက်များဆောက်လုပ်ခြင်း စသည့် ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဒေသခံအလုပ်သမားများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများအား ဓာတ်အားစနစ်နှင့် ချိတ်ဆက်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် သင်တန်းများပေး၍ နည်းပညာများပေးရန် ACO နှင့် Convalt Energy ကုမ္ပဏီတို့က ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် ACO Investment Group LLC and Convalt Energy LLC မှ Managing Director & CEO တို့က သဘောတူစာချုပ် (MOA) ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။

ယခု လက်မှတ်ရေးထိုးသည့်စီမံကိန်းသည် အမေရိကန်နိုင်ငံ အခြေစိုက် ACO Investment Group LLC and Convalt Energy LLC တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း နဘူးအိုင်နှင့် ဝမ်းတွင်းဒေသနှစ်ခုတွင် ၁၅၀ မဂ္ဂါဝပ်ရှိသော နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ စုစုပေါင်း ၃၀၀ မဂ္ဂါဝပ်ကို တည်ဆောက်ရန်ဖြစ်ပြီး နွေရာသီကာလတွင် နှစ်စဉ်ကြုံတွေ့ရသည့် လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်သောစီမံကိန်းဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# အိုင်အက်စ်ထိန်းချုပ်ရွာတစ်ရွာကို အီရတ်တပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်နိုင်

**ဘဂ္ဂဒက် ဩဂုတ် ၂၈**

အီရတ်နိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသော ဆာလာဟူဒင်ပြည်နယ်ရှိ ရွာတစ်ရွာကို အီရတ်တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်ဟု တပ်မတော်အရာရှိများက ပြောခဲ့သည်။ မြောက်ပိုင်း တီကရစ်မြို့အနီးရှိ အယ်လ်ဟမ်မရာရွာကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လမ်းဘေးတစ်လျှောက် အစိတ်အပိုင်းများကိုလည်း သိမ်းယူခဲ့ကြသည်။

တပ်မတော်နှင့်စစ်သွေးကြွများအကြား တိုက်ခိုက်မှုများ၌ စစ်သွေးကြွတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။



အလားတူ အီရတ်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဖလူးဂျာမြို့ အရှေ့ပိုင်းဒေသများ၌ စစ်သွေးကြွ ၂၀ ကျော် သေဆုံးခဲ့ပြီး စစ်သွေးကြွများ၏ ယာဉ်များလည်း ပျက်စီးခဲ့သည်။

အီရတ်နိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများက ဇွန် ၁၀ ရက်၌ မိုလ်ဆူးမြို့ကို သိမ်းပိုက်ပြီးကတည်းက အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၈၇ မိုင်အကွာရှိ တီကရစ်မြို့ ကျရှုံးပြီးနောက် သိမ်းယူမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။ နောက်ပိုင်း၌ အီရတ်တပ်မတော်က တီကရစ်မြို့ကို ပြန်လည်သိမ်းယူခဲ့သည်။

အိုင်အက်စ် စစ်သွေးကြွများသည် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားအများအပြားကို ကွပ်မျက်ခြင်းအပါအဝင် ဒေသများကို သိမ်းယူခြင်းကဲ့သို့ ရွံရှာဖွယ်ကောင်းသော ပြစ်မှုများကို ကျူးလွန်နေကြသည်။ **(ပရက်စ်တီဗွီ)**

# တူရကီသမ္မတအဖြစ် အာဒိုဂန်ကျမ်းသစ္စာကျိန်ဆို

**အင်ကာရာ ဩဂုတ် ၂၈**

တူရကီဝန်ကြီးချုပ်ဟောင်း ရဲဆက်တာရပ်အာဒိုဂန်သည် ကြာသပတေးနေ့တွင် ပါလီမန်၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်သည်ဟု သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကာတာစော်ဘွားနှင့်အီရန်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အာရှတိုက်၊ အာဖရိကတိုက်၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပတိုက်တို့ရှိ နိုင်ငံပေါင်း ၉၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်ဟု သမ္မတရုံးကပြောကြားသည်။

နိုင်ငံတော်၏ လွတ်လပ်ရေး၊ စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ကိုယ်စွမ်းရှိသမျှကာကွယ်စောင့်ရှောက်ပါမည်ဟု လွှတ်တော်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုပါကြောင်း အာဒိုဂန်က ပြောကြားသည်။

ဝန်ကြီးချုပ်ဟောင်း အာဒိုဂန်သည် ဩဂုတ် ၁၀ ရက်က ကျင်းပသည့် ပထမဆုံးအကြိမ် တိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၁ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိပြီး တူရကီနိုင်ငံ၏ ၁၂ ဦးမြောက် သမ္မတဖြစ်လာခြင်းဖြစ်သည်ဟု သိရသည်။

အာဒိုဂန်က နိုင်ငံ့ရုပ်ပြခေါင်းဆောင်များအဖြစ်သာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ယခင်သမ္မတများနှင့်မတူဘဲ တည်ဆဲဥပဒေများအရ သမ္မတအား အပ်နှင်းထားသည့် အာဏာများကို အပြည့်အဝအသုံးချရန် မျှော်လင့်ထားသည်။ သို့ရာတွင် ယင်းကဲ့သို့ အာဏာအသုံးချနိုင်ရန်အတွက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရဦးမည်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အဓိက အတိုက်အခံပါတီဖြစ်သော ရီပတ်ဘလီကန်ပြည်သူ့ပါတီမှ ကိုယ်စားလှယ်တစ်ဦးမျှ တက်ရောက်ခြင်းမရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လစ်ဗျား ကြားဖြတ်အစိုးရအပေါ်မကျေနပ်၍ ဝန်ကြီးခြောက်ဦးနုတ်ထွက်

**ထရီပိုလီ ဩဂုတ် ၂၈**

လစ်ဗျားကြားဖြတ်အစိုးရအနေဖြင့် ပြည်သူ့စစ်အချင်းချင်း တိုက်ခိုက်မှုများဖြစ်ပွားအောင် လုပ်နေသည်ဟု စွပ်စွဲပြောကြားလိုက်ပြီးနောက် အစိုးရဝန်ကြီး ခြောက်ဦး နုတ်ထွက်သွားသည်။

စက်မှု၊ ပညာရေး၊ စီမံကိန်း၊ အလုပ်သမား၊ ရေအရင်းအမြစ်နှင့် အဗ္ဗဒူလာအယ်လ်-တင်နီတို့ ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ရာထူးမှ နုတ်ထွက်သွားကြောင်း လစ်ဗျားတရားဝင်သတင်းအေဂျင်စီ အယ်လ်အေအင်န်အေက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်ထားသည်။

"သူတို့နုတ်ထွက်မှုဟာ အစိုးရက တစ်ဖက်ဖက်ကို ဘက်လိုက်နေလို့ ဖြစ်ပါတယ်။ ပြည်သူ့စစ်တွေရှိတဲ့ အထဲက တစ်ဖက်ဖက်ကို ဘက်လိုက်နေတာပါ"ဟု နုတ်ထွက်သွားသော စက်မှုဝန်ကြီးအယ်လ်တာတိဖ်က ပြောသည်။

လစ်ဗျားနိုင်ငံသည် နိုင်ငံကိုကာလရှည်ကြာစွာ အုပ်ချုပ်ခဲ့သောအာဏာရှင်မွမ်မာကဒါဖီကျဆုံးပြီးကတည်းက နိုင်ငံအတွင်း အဆိုးရွားဆုံးအကြမ်းဖက်မှုများဖြင့် မြင်တွေ့လာရသည်ဟု ဆိုသည်။

ပြိုင်ဘက်ပြည်သူ့စစ်များသည် လစ်ဗျားအဓိကလေဆိပ်ကို ထိန်းချုပ်ထားမှုအပေါ် မြို့တော်ထရီပိုလီ၌ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။

ဖာဂျာပြည်သူ့စစ်များက ၎င်းတို့အနေဖြင့် ဇင်တန်တပ်ဖွဲ့ဝင်များထံမှ လေဆိပ်ကို သိမ်းလိုက်ပြီဖြစ်ကြောင်း စနေနေ့တွင် ကြေညာခဲ့သည်။ မြို့တော်ထရီပိုလီ၌ တိုက်ပွဲများဖြစ်ပွားနေခြင်းသည် နိုင်ငံတစ်ဝန်းလုံခြုံရေး စိုးရိမ်နေရသည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသည်။ ဩဂုတ် ၁၄ ရက်က လစ်ဗျားပါလီမန်က နိုင်ငံအတွင်း အရပ်သားများအား ကာကွယ်ပေးရန် ကုလသမဂ္ဂသို့ စစ်ရေးကြားဝင်မှုပေးရေး တောင်းဆိုလိုက်သည်။ **(ပရက်စ်တီဗွီ)**



လစ်ဗျားပြည်သူ့စစ်များ ထရီပိုလီလေဆိပ်အဝင်၌ စောင့်ကြပ်နေစဉ်။

# ဆီးရီးယားသမ္မတ အစိုးရသစ်ဖွဲ့စည်း နောက်ထပ်ခုနစ်နှစ် သမ္မတထမ်းဆောင်မည်

**ဒမတ်စကတ် ဩဂုတ် ၂၈**

ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်က ၎င်းအား တတိယသက်တမ်းအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း သုံးလမပြည့်မီမှာပင် အစိုးရသစ်ကိုဖွဲ့စည်းလိုက်သည်။

ဗုဒ္ဓဟူးနေ့က အာဆတ်သည် ၎င်း၏ပြိုင်ဘက် ဟက်ဆန်အယ်လ်နူရီအပါအဝင် ဝန်ကြီးသစ် ၁၁ ဦးပါဝင်သည့် အစိုးရသစ်ကိုဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ပြိုင်ဘက်နူရီအား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်။ အခြားသော ဝန်ကြီးများမှာ အပြောင်းအလဲမရှိဘဲ ဆက်လက်ရှိနေသည်။ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများလည်း မူလနေရာများကို ရယူထားဆဲဖြစ်သည်။

အာဆတ်သည် ဇူလိုင် ၃ ရက် ရွေးကောက်ပွဲတွင် ၈၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်ဟု ဆိုသည်။ ၎င်းသည် လာမည့် ခုနစ်နှစ်အတွင်း ဆီးရီးယားသမ္မတအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ လက်ရှိအခြေအနေဖြင့် အိုင်အက်စ် အကြမ်းဖက်သမားများက နိုင်ငံအရှေ့ပိုင်းဒေသများကို ထိန်းချုပ်ထားသည်။

အနောက်နိုင်ငံများနှင့် ဒေသဆိုင်ရာ မဟာမိတ်များဖြစ်သည့် ကာတာ၊ ဆော်ဒီအာရေဗျနှင့် တူရကီနိုင်ငံတို့က ဆီးရီးယားနိုင်ငံအတွင်း စစ်သွေးကြွများအား ထောက်ပံ့ပေးနေသည်ဟု ဆိုသည်။

ဆီးရီးယား နိုင်ငံအတွင်း သုံးနှစ်ကျော် စစ်ဖြစ်ပွားမှုကြောင့် လူပေါင်း ၁၉၁၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ထားသည်။ **(ပရက်စ်တီဗွီ)**

# လက်ဘနွန်အစိုးရတပ်များနှင့် စစ်သွေးကြွများတိုက်ပွဲဖြစ်ပွား

**လက်ဘနွန် ဩဂုတ် ၂၈**

လက်ဘနွန်နိုင်ငံ၌ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ပြည်ပကျော ထောက်နောက်ခံ တက်ဖရီစစ်သွေးကြွများ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ စစ်သွေးကြွများသည် အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ လက်ဘနွန်နိုင်ငံအတွင်း နိုင်ငံဖြတ်ကျော်ဝင်ရောက်လာခြင်းဖြစ်သည်။

အဆိုပါတိုက်ပွဲများသည် ယခုလအစောပိုင်းက ယာယီအပစ်အခတ်ရပ်စဲမှုအဆုံးသတ်သွားစေခဲ့သည်။ ယင်းမှာ နှစ်ဖက်တိုက်ခိုက်မှုများသည် ရက်အတန်ကြာတိုက်ခိုက်မှုကို အဆုံးသတ်စေခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးထားသော လက်ဘနွန်အစိုးရတပ်ဖွဲ့ဝင်များ ပြန်လည်လွတ်ပေးရေး ကြားဝင်စေ့စပ်သူများက ကြိုးစားလျက်ရှိသည်။ ယခုလအစောပိုင်းတွင် လက်ဘနွန်တပ်ဖွဲ့က တပ်ဖွဲ့ဝင် ၂၂ ဦး ပျောက်ဆုံးကြောင်း ကြေညာထားသည်။

ထိုအတောအတွင်း လက်ဘနွန်တပ်များက လက်နက်ကိုင်စစ်သွေးကြွများအား ချေမှုန်းနိုင်သည့်တိုင်အောင် နယ်စပ်အာဆဲမြို့တွင်း၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုကို စိုးရိမ်လျက်ရှိသည်။

အယ်လ်နုဆရာတပ်ဦးနှင့် အိုင်အက်စ် စစ်သွေးကြွများသည် အာဆဲမြို့အနီး လက်ဘနွန်တပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ လက်ဘနွန်တပ်ဖွဲ့က အဆိုပါဒေသကို ထိန်းချုပ်ထားသည်။

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေသော ပဋိပက္ခသည် လက်ဘနွန်နိုင်ငံအတွင်း ရောက်ရှိလာသည်။ လက်ဘနွန်မြောက်ပိုင်းသည် ဆီးရီးယားအစိုးရကို ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**



# နီပေါရွှေ့ပြောင်းလုပ်သား ၄၄ ဦး မလေးရှားရဲ ဖမ်းဆီး

**ကွာလာလမ်ပူ ဩဂုတ် ၂၈**

မလေးရှားရဲတပ်ဖွဲ့က ရွှေ့ပြောင်းလုပ်သား ၅၀၀ ခန့် လုပ်ငန်းခွင်အပေါ်မကျေနပ်၍ ဆန္ဒဖော်ထုတ်ရန်ကြိုးစားခဲ့ပြီးနောက် နီပေါအလုပ်သမား ၄၄ ဦးအား ဖမ်းဆီးလိုက်သည်။

အဆိုပါ နီပေါအလုပ်သမားများ ဆန္ဒပြစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်း ဖြစ်ပွားခဲ့သည်။ အင်္ဂါနေ့အစောပိုင်းက အချုပ်ချထားလိုက်ကြောင်း ဂျိုဟော်ပြည်နယ်တောင်ပိုင်းရဲတပ်ဖွဲ့မှူး ဆာမူရီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

**ရပ်တည်**

မလေးရှားနိုင်ငံသည် အာရှတိုက်မှ ပြည်ပအလုပ်သမားအများဆုံးလာရောက်လုပ်ကိုင်သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

**(ပရက်စ်တီဗွီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အစ္စရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆာချီဟာနေဘိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ လာရောက်လည်ပတ်လျက်ရှိသည်။

ယနေ့ နံနက် ၉ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မစ္စတာ ဆာချီဟာနေဘိနှင့် အစ္စရေးကိုယ်စားလှယ်အဖွဲ့က နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(ဓာတ်ပုံ)** **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း၍ မီဒီယာကျွမ်းကျင်မှုသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် မီဒီယာနှင့်ထိတွေ့ ဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Royal ACE ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် **(ယာပုံ)** တက်ရောက်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Toily Kurbanov က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မီဒီယာကျွမ်းကျင်ပညာရှင်များဖြစ်သော အမေရိကန်နိုင်ငံမှ Mr. Moncef Bouhafa နှင့် Mr.Kirk Tory၊ ပြင်သစ်နိုင်ငံမှ Mr. Jeau Frederic Bernard တို့က ဌာနဆိုင်ရာများအနေဖြင့် မီဒီယာများနှင့်အကျိုးရှိစွာ ထိတွေ့ဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာများကို အလုပ်ရုံဆွေးနွေးပွဲပုံစံဖြင့် ဆွေးနွေးပို့ချကြမည်ဖြစ်ပြီး သင်တန်းကို ဩဂုတ် ၂၉ ရက်ထိ နှစ်ရက်ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ သတင်းပြန်ကြားရေးနှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီး ၄၃ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



◆ *ကျော့ဖုံးမှ*

ဆိုင်ကြီးများ ပါဝင်မည်ဖြစ်သည်။ မူဆယ်စီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်ဆန်းပိုင်းက ပြည်နယ်အစိုးရက ခွင့်ပြုခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အပြီးတည်ဆောက်ရန် မျှော်မှန်းထားသည်။ ယခုစီးပွားရေးဇုန်တည်ဆောက်ပြီးစီးပါက မြန်မာ-တရုတ်ကုန်သွယ်ရေးပိုမိုတိုးတက်လာမည်ဖြစ်သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများအဖြစ် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး စသည်တို့ရှိနေရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရရှိခဲ့သည်။

ထို့အတူ မြန်မာ-တရုတ်နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုအနေဖြင့် ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၂ ဘီလီယံရှိခဲ့ရာ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ ၂၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၃ ခုနှစ်က နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၉ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံက ၂၀၁၄ ခုနှစ် ဇွန်လအထိ စီမံကိန်း ၆၅ ခုတွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၅ ဘီလီယံရင်းနှီးမြှုပ်နှံလျက်ရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃၀ ဒသမ ၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထား

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်အား စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာမျိုးကြွယ်<br>ဒုတိယပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာဒေါ်မြတ်သန္တာ<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဆေးတက္ကသိုလ်(၁) ရန်ကုန်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

❊ *ရှေ့ဖုံးမှ*

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပြီး Developer များ၊ ဒေသခံပြည်သူများအပြင် လူတန်းစားအလွှာအသီးသီးနှင့် ရင်းနှီးမြှုပ်နှံလိုသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန် ရည်မှန်းပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၄။ ယခုအချိန်တွင် ရန်ကုန်မြို့သစ်စီမံကိန်းအကောင်အထည်ဖော်ရန် နိုင်ငံတော်သို့တင်ပြပြီး ခွင့်ပြုချက်ရယူလျက် မြို့မြေသတ်မှတ်ရေးလုပ်ငန်းစဉ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ မကြာမီအချိန်ကာလတွင် ပွင့်လင်းမြင်သာစွာဖြင့် ရန်ကုန်မြို့သစ်စီမံကိန်း Developer တင်ဒါခေါ်ယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အားလုံးပူးပေါင်းပါဝင်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော် ဩဂုတ် ၂၈**

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း သုံးမှု အလေးချိန် ၁၂ ဒသမ ၈၅၂၅ ကီလို၊ ဘိန်းဖြူ ၆၅ မှု အလေးချိန် ၀ ဒသမ ၉၀၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု ဆေးပြားအရေအတွက် ၁၇၃၈၈၆ ပြား၊ အက်တက်စီတစ်မှု ဆေးပြားအရေအတွက် ၂၃၈၅၀၀၀ ပြား၊ ဘိန်းဆီခဲလေးမှု အလေးချိန် ၀ ဒသမ ၈၈၃ ကီလို၊ အဆင့်နိမ့်ဘိန်းငါးမှု အလေးချိန် ၀ ဒသမ ၉၁၇၆ ကီလို၊ ဆေးခြောက်သုံးမှု အလေးချိန် ၁ ဒသမ ၄၀၁၈ ကီလို၊အက်ဖီဒရင်းတစ်မှု အလေးချိန် ၈ ဒသမ ၈ ကီလို၊ အိုက်စ်အလေးချိန် ၀ ဒသမ ၀၀၇၃ ကီလို၊ အီသိုင်းအီသာတစ်မှု အလေးချိန် ၃၁ ဒသမ ၈၂၂ လစ်တာ၊ ဘိန်းရည်တစ်မှု ၀ ဒသမ ၂၅ လစ်တာ၊ ကဖင်းအလေးချိန် ၄၆ ကီလို၊ အမှုပေါင်း ၁၅၂ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၁၉၁ ဦး၊ အမျိုးသမီး ၂၆ ဦး၊ စုစုပေါင်း၂၁၇ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှောင်လေဝေးဝေး၊ မူးယစ်ဆေး

ဆောင်းပါး

# ရှေ့သို့ဆက်လက်တက်လှမ်းနေသည့် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ

၂၀၁၄ ခုနှစ်သည် အာဆီယံအဖွဲ့အတွင်းမြန်မာနိုင်ငံ၏ အခန်းကဏ္ဍအတွက် မှတ်တိုင်တစ်ခုစိုက်ထူနိုင်သည့် သမိုင်းဝင်နှစ်ဖြစ်သည်။ အကြောင်းမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ကြီးသို့ ၁၉၉၇ ခုနှစ်မှ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး (၁၇) နှစ်ကျော်ကာလတွင် ပထမဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ပါသည်။

အာဆီယံဥက္ကဋ္ဌအဖြစ်ထမ်းဆောင်ရန် အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ယုံကြည်မှုကိုရရှိရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာပြည့်စုံမှု ရှိစေရန်နှင့် ဘာသာရပ်ပိုင်းဆိုင်ရာပါကျွမ်းကျင်မှုရှိရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ဧည့်သည်များ တည်းခိုနိုင်ရန် နိုင်ငံတကာအဆင့်မီ ဟိုတယ်များကို အချိန်မီပြီးစီးရေးနှင့် ဝန်ထမ်းများလေ့ကျင့်သင်ကြားမှုများ၊ လာရောက်မည့် ကိုယ်စားလှယ်များအတွက် လုံခြုံရေးဆိုင်ရာကိစ္စများ၊ ဆက်သွယ်ရေးပိုင်းဆိုင်ရာများ၊ကိုယ်စားလှယ်များအတွက် မော်တော်ယာဉ်များ၊ နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ခြင်းနှင့် အစည်းအဝေးများကျင်းပရန် နေပြည်တော်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) အဆောက်အအုံကြီးကို နိုင်ငံတကာအလယ်တွင် ပွဲလယ်တင့်စေရန် ကိုယ့်ခွန်ကိုယ်အားဖြင့် တည်ဆောက်ခဲ့ခြင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံဘက်ပေါင်းစုံမှ အစစအဆင်ပြေမှုရှိစေရန် ကြိုတင်တွေးဆလျက် လိုအပ်ချက်များကို ဖြည့်ဆည်းခဲ့ကြပါသည်။

ဘာသာရပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း အာဆီယံအသိုက်အဝန်း သုံးရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို တာဝန်ယူဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်စေခြင်း၊ အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူသည့် နိုင်ငံများရှိ မြန်မာသံရုံးများ၊အာဆီယံဆိုင်ရာမြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ အဆိုပါနိုင်ငံများရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာသံတမန်များအား တွဲဖက်တာဝန်ထမ်းဆောင်စေပြီး အာဆီယံဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ရသည့်တာဝန်ဝတ္တရားများကိုလေ့လာရင်း မြန်မာအာဆီယံဥက္ကဋ္ဌ တာဝန်အတွက် ကြိုတင်ပြင်ဆင်လက်သွေးခဲ့ပါသည်။

ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည့် မြန်မာနိုင်ငံအတွက် လုပ်ဆောင်ရမည့်အရာတွေက များပြားလှသည်။ တစ်နှစ်ပတ်လုံးတွင် အစည်းအဝေးများစွာကို သဘာပတိအဖြစ် တာဝန်ယူရမည်ဖြစ်သည့်အတွက် စိတ်ကျေနပ်ဂုဏ်ယူစရာရှိသကဲ့သို့ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကတာဝန်ရှိသည့်အတွက် ကြီးလေးသောတာဝန်ကြီးတစ်ရပ်လည်း ဖြစ်ခဲ့ပါသည်။ “Pleasure and also Pressure” ဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွက် အခွင့်အရေးဖြစ်သလို စိန်ခေါ်မှု (opportunity as well as challenge) တွေကလည်း ဒွန်တွဲလျက်ရှိနေခဲ့သည်။ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ပြင်ဆင်မှုများကို စနစ်တကျ ဆောင်ရွက်နေချိန်တွင် အချို့ကလည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ပါမည်လားဆိုတာကို သံသယနှင့် စောင့်ကြည့်ပူပန်ခဲ့ဖူးပါသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအား ပေးအပ်ရန် သဘောတူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဘရူနိုင်းနိုင်ငံထံမှ အာဆီယံဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ပါသည်။ ယင်းနောက်ပိုင်းဒီဇင်ဘာလတွင် ပထမဆုံးပွဲဦးထွက် အစည်းအဝေးအဖြစ် အာဆီယံဒေသဆိုင်ရာဖိုရမ်အောက်မှ ကြားကာလအစည်းအဝေးတစ်ရပ်ကို ရန်ကုန်မြို့တွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ ဆက်လက်ပြီး အာဆီယံအသိုက်အဝန်းသုံးရပ်အောက်မှ အာဆီယံအစည်းအဝေးများကို သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ယူကျင်းပလျက် အာဆီယံဥက္ကဋ္ဌ၏ တာဝန်ကို အရှိန်တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

## ဦးအောင်ထူး ဒုတိယညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန

နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကဏ္ဍကို တာဝန်ယူထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ ပွဲဦးထွက်အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (AMM Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်စုံသော ပထမမြန်မာနိုင်ငံ၏ မြို့တော် ပုဂံမြို့တွင် စတင်ကျင်းပခဲ့သည်။ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက်စွာ ညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများကို မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားပုံကိုလည်း ပြသနိုင်ခွင့်ရခဲ့သည်။ ဇန်နဝါရီလမှ အစပြုခဲ့သည့် အာဆီယံအစည်းအဝေးများသည် ဖေဖော်ဝါရီလတွင် (၁၄)ကြိမ်မြောက် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်




အစည်းအဝေး၊ မတ်လတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ပိုမိုခိုင်မာစေခြင်းနှင့် အာဆီယံအဖွဲ့အစည်းများကို ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေး၊ ဧပြီလတွင် ထိပ်သီးအစည်းအဝေးအတွက်အကြို အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများ၊ မေလတွင် (၂၄) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ဇွန်လတွင် အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံအပေါင်းသုံး အဖွဲ့ဝင်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်အဖွဲ့ဝင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးကို တစ်ခုပြီးတစ်ခု ဆက်လက်ကျင်းပခဲ့သည်။ အာဆီယံမဏ္ဍိုင်ကြီး (၃)ရပ်တွင် ပါဝင်ပတ်သက်နေသော ဝန်ကြီးဌာနအသီးသီးကလည်း အဆင့်မြင့်အရာရှိကြီးအဆင့်၊ ဝန်ကြီးအဆင့် အစည်းအဝေးများကို ကျင်းပခဲ့ကြပါသည်။

ထို့နောက်တွင်တော့ ခရီးရှည်မာရသွန်အပြေးသမားတစ်ဦးကဲ့သို့ ပန်းတိုင်ရောက်အောင် သက်လုံကောင်းကောင်းဖြင့် ဖြည်းဖြည်းမှန်မှန်ခရီးဆက်လာခဲ့ရာ ဩဂုတ်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ တွင် ကျင်းပပြီးစီးခဲ့ပါသည်။ နိုင်ငံပေါင်းသုံးဆယ်မှ နိုင်ငံခြားရေးဝန်ကြီးများတက်ရောက်ကြပြီး အစည်းအဝေးပေါင်း (၃၅) ခုကို တစ်ခုပြီးတစ်ခုကျင်းပရသည့်အတွက် အတိုင်းအတာမည်မျှ ကြီးမားကြမည်ကို မျှော်မှန်းကြည့်နိုင်ပါသည်။ အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အစည်းအဝေးကျင်းပသည့်ကာလအတွင်း နှစ်နိုင်ငံတွေ့ဆုံ ပွဲ (၁၁၈)ကြိမ်ကို ပြုလုပ်နိုင်ခဲ့ကြသည်မှာ မကြုံဖူးသည့်အတိုင်းအတာပင် ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ အရှေ့တောင်အာရှထိပ်သီးအစည်းအဝေး (EAS) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံဒေသတွင်းဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ(ARF)မှ နိုင်ငံခြားရေးဝန်ကြီးများ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် အာဆီယံအတွင်းရေးမှူးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့(၃၀)မှ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၀၁၆ ဦး တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ စာနယ်ဇင်းသမား ၁၃၀ အပါအဝင် စုစုပေါင်း စာနယ်ဇင်းသမား ၅၈၅ ဦး တက်ရောက်ခဲ့သည်။

ရက်သတ္တတစ်ပတ်တာကာလအတွင်း အစည်းအဝေးပေါင်း ၃၅ ခုကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဦးစီးဦးရွက်ပြုကာ ကျန်ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းလျက် ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ အစည်းအဝေး မစတင်မီ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် တက်ရောက်မည့် ကိုယ်စားလှယ်စာရင်းများပြုစုခြင်း၊ ကိုယ်စားလှယ်ကတ်များထုတ်ပေးခြင်း၊ ကိုယ်စားလှယ်များအား လေဆိပ်တွင် ကြိုဆိုရေးနှင့် ပို့ဆောင်ရေးအစီအစဉ်၊ ဟိုတယ်များတွင် နိုင်ငံအလိုက် နေရာချထားရေး၊ အဆင့်အလိုက် မော်တော်ယာဉ်များ ပံ့ပိုးပေးရေးနှင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ လုံခြုံရေးစီစဉ်ပေးရေး၊ ကျန်းမာရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ သန့်ရှင်းသည့် အစားအသောက်များ ပံ့ပိုးပေးရေး၊ ဆက်သွယ်ရေးအရာရှိများကို သင်တန်းများပေးပြီး ခန့်အပ်တာဝန်ပေးခြင်း၊ သံတမန်ထုံးတမ်းစဉ်လာများနှင့်အညီ အကြို ညစာစားပွဲများဖြင့် တည်ခင်းနိုင်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံဂုဏ်သိက္ခာမြှင့်တင်နိုင်အောင် ကျင်းပနိုင်ရေးစသည်ဖြင့် logistic ပိုင်းဆိုင်ရာ ကိစ္စအဝဝတွင် ဝန်ကြီးဌာနအချင်းချင်း ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မျှော်မှန်းသည်ထက် ချောမွေ့ခဲ့ပြီး လာရောက်သည့် ဧည့်သည်များအား မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်မှုကို ပြသနိုင်ခဲ့ပေသည်။

အစည်းအဝေးပေါင်း ၃၅ ခုကိုလည်း အချိန် ၆ ရက်အတွင်း ကျင်းပရသည်ဖြစ်ရာ အချိန်တိုအတွင်း ရလဒ်ကောင်းများပေါ်ထွက်လာနိုင်ဖို့ တက်ရောက်လာသည့် ကိုယ်စားလှယ် အသီးသီးက အားထုတ်ခဲ့ရသည်။ ကြေညာချက် ၅ ခုကိုလည်း အစည်းအဝေးအပြီး အချိန်မီ ထုတ်ပြန်နိုင်ရန် အိမ်ရှင်မြန်မာအနေဖြင့် ကမကထပြု ညှိနှိုင်းခဲ့ရလေသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ထုတ်ပြန်ချက်များတွင် အထူးအရေးကြီးပြီး ခက်ခက်ခဲခဲ ညှိနှိုင်းရလေ့ရှိသည့် ထုတ်ပြန်ချက်မှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ပင် ဖြစ်ပါသည်။ ယင်းအာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို လွန်ခဲ့သော နှစ်ပေါင်း (၄၄) နှစ်အတွင်း အဖွဲ့ဝင်နိုင်ငံများအတွင်း စေ့စပ်ညှိနှိုင်းထုတ်ပြန်လေ့ရှိရာမှ တစ်ခါတစ်ရံမထုတ်ပြန်နိုင်ခဲ့သည့် အချိန်များလည်း ရှိခဲ့ပါသည်။ ထိုသို့သော အကြိမ်မျိုးတွင် နိုင်ငံတကာအသိုက်အဝန်းက အာဆီယံအဖွဲ့ကြီး၏ စည်းလုံးမှု၊ ဦးဆောင်ဦးရွက်ပြုမှုနှင့် ခိုင်မာမှုကို မေးခွန်းထုတ်လေ့ရှိခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းထိစပ်နေသည့် မြန်မာနိုင်ငံအလှည့်တွင်လည်း တောင်တရုတ်ပင်လယ်ဆိုင်ရာ ကိစ္စသည် အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ထိပါးလာနိုင်မည်ကို စိုးရိမ်ခဲ့ကြပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ လွတ်လပ်၊ တက်ကြွ၍ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံ၏ အခြေခံမူများကိုကိုင်စွဲလျက် တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ရပ်တည်ခဲ့သည်။ ပုဂံတွင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ တူညီဆန္ဒနှင့်အညီ တောင်တရုတ်ပင်လယ်အရေးကို သတင်းကြေညာချက်တွင် ထုတ်ပြန်ခဲ့သလို မေလတွင်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တောင်တရုတ်ပင်လယ်ဆိုင်ရာ သဘောထားတစ်ခုကို ထုတ်ပြန်ခဲ့သည်။

(၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလတွင် တောင်တရုတ်ပင်လယ်ကိစ္စနှင့်ပတ်သက်၍ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား တိုးတက်သည့် ရလဒ်များရရှိခဲ့ပါသည်။ တောင်တရုတ်ပင်လယ်နှင့်ပတ်သက်၍ နိုင်ငံများကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်း (Code of Conduct in the South China Sea၊ COC) တစ်ရပ်ပေါ်ထွက်ရေးအတွက် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်မှ စီအိုစီကို တူညီဆန္ဒအပေါ်အခြေခံပြီး အချိန်တိုအတွင်း ပြီးစီးဖော်ဆောင်မည်ဆိုသည့် စကားအသုံးအနှုန်းကို ပထမကြိမ်အဖြစ် လက်ခံခြင်းတို့အပြင် ညှိနှိုင်းဆွေးနွေးပွဲများ လက်ရှိကျင်းပသည့် အရေအတွက်ထက် ပိုမိုကျင်းပသွားရေး၊ အချိန်တိုနှင့် ရရှိမည့်ရလဒ်များ ပေါ်ထွက်မည့် နည်းလမ်းများ (early harvest measures)ကို နှစ်ဦးနှစ်ဖက်မှ ကြိုးပမ်းသွားမည့် ကိစ္စများကို နှစ်ဖက်သဘောတူညီခဲ့ပါသည်။ ယခုတစ်ကြိမ်ရရှိသည့် ရလဒ်သည် ယခင်ကရရှိခြင်း မရှိခဲ့သည့် တိုးတက်မှုများ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သံတမန်ရေးရာနည်းနာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ လည်းကောင်း၊ ပိုမိုထိတွေ့မှုများ ရယူ၍လည်းကောင်း၊ တိုင်ပင်ဆွေးနွေးမှုများကို အချိန်ယူ တွေ့ဆုံ၍လည်းကောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ လည်းကောင်း ဒေသအရေးကိစ္စကို ဥက္ကဋ္ဌအနေနှင့် ဦးဆောင်၍ အဖွဲ့ဝင်အားလုံး၏ အကျိုးအတွက် ကြိုးပမ်းခဲ့ပါသည်။ ခိုင်မာစွာ ရပ်တည်ရန် လိုအပ်လာသည့် အချိန်တွင် တူညီဆန္ဒမှုကို အခြေခံ၍ ရပ်တည်ခဲ့သည်။ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးမှ ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ညှိနှိုင်းမှုတွင်လည်း မြန်မာနိုင်ငံသည် ဥက္ကဋ္ဌအနေဖြင့်သက်ဆိုင်သူအားလုံး အဆင်ပြေစေမည့် စေ့စပ်ညှိနှိုင်းပေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများ၏ရပ်တည်ချက်များကိုလည်း အာဆီယံ၏ သဘောထားအဖြစ် ဖော်ဆောင်နိုင်ရန် ဦးဆောင်ညှိနှိုင်းခဲ့ပါသည်။ ဤနည်းဖြင့် (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အောင်မြင်စွာ ညှိနှိုင်းနိုင်ခဲ့ရာ၊ လေးရက်တိတိ ကြာမြင့်ခဲ့ပြီး ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည့် စေ့စပ်ညှိနှိုင်းသူများ၏ဇွဲကို ချီးကျူးမှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ဆက်စပ်အစည်းအဝေးများမှ ထုတ်ပြန်မည့် ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်များတွင်လည်း ဥက္ကဋ္ဌအနေဖြင့် ထည့်သွင်းရမည့် စာသားများကို နောက်ဆုံးရွေးချယ်လုပ်ပိုင်ခွင့်ရှိသည်မှန်သော်လည်း ပါဝင်မည့်အကြောင်းအရာများကို အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူလက်ခံနိုင်သည့် အနေအထားမျိုးရအောင် မြန်မာနိုင်ငံက ဦးဆောင်မှုကိုရယူလျက် အကျပ်အတည်းများကြားမှ သံတမန်နည်းလမ်းကျကျ ညှိနှိုင်းအဖြေရှာနိုင်ခဲ့ပြီး အောင်မြင်စွာထုတ်ပြန်နိုင်ခဲ့သည်။ ထိုသို့ အားလုံး၏ သဘောထားကို ရယူလျက်ထုတ်ပြန်နိုင်ခဲ့ခြင်းသည် လွယ်ကူသည့် လုပ်ငန်းတစ်ခုတော့မဟုတ်ပေ။ နိုင်ငံကြီး၊ ငယ်မရွေး၏ ရပ်တည်ချက်ကို ဘက်မလိုက်သည့် မူဝါဒအပေါ် ရပ်တည်လျက်၊ အဖြေရရှိရန် ဦးတည်လျက်ညှိနှိုင်းခဲ့ရခြင်းဖြစ်ပေသည်။ အချို့ ကိုယ်စားလှယ်များသည် ၎င်းတို့နိုင်ငံအကျိုးအတွက် ကြေညာချက်များမထုတ်ပြန်မီ နောက်ဆုံးအချိန်အထိ အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်းမှာပါ တစ်ခန်းမှ တစ်ခန်းအကူး စင်္ကြံလမ်းပေါ်မှာပါမကျန် မြန်မာကိုယ်စားလှယ်များနောက်သို့ ဥဒဟိုလိုက်၍ စည်းရုံးလှုပ်ရှားခဲ့ကြသည်ဟု ကြားသိခဲ့ရသည်။

စာမျက်နှာ (၁၁) သို့

## ပြည်တွင်းသတင်း

★ ရှေ့ဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန် ဦးလှမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်းဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၈၂) ဗိုလ်လောင်းလေးနွယ်ထွန်းအား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် ရဲဘော်တို့၏ အတတ်ပညာနှင့်စွမ်းရည်များကို အပြည့်အဝအသုံးချနိုင်တော့မည် ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းသည့်နေ့တစ်နေ့ ဖြစ်ကြောင်း၊ တပ်မတော်၏ သမိုင်းစဉ်တစ်လျှောက်တွင် ပထမဦးဆုံးသော ဗိုလ်သင်တန်းကျောင်းဆင်းဘွဲ့ရ အမျိုးသမီးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ရတော့မည့် ရဲဘော်တို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

ယနေ့ခေတ် ကမ္ဘာကြီး၏ အခြေအနေကို လေ့လာကြည့်လျှင်လည်း နိုင်ငံအများအပြားတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူရင်ပေါင်တန်းပြီး အလုပ်လုပ်ကိုင်နေကြကြောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံအကြီးအကဲတာဝန်ထမ်းဆောင်နိုင်သည်အထိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာသည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း။

နိုင်ငံ၏သမိုင်းကြောင်းကို လေ့လာကြည့်လျှင် တပ်မတော်သည် အတိတ်ကာလကပေးသည့် သမိုင်းသင်ခန်းစာနှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူကြားကပေါက်ဖွားလာခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်ပေါ်ထွန်းလာပြီး နိုင်ငံတော်အတွက် လွတ်လပ်ရေးရအောင် ကြိုးပမ်းပေးနိုင်ခဲ့သကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာသည့်အခါတိုင်းတွင်လည်း တပ်မတော်ကပင် ဝင်ရောက်စောင့်ရှောက်ပေးခဲ့ရခြင်းကို ရဲဘော်တို့အားလုံးအသိပင်ဖြစ်ကြောင်း။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၂) ဗိုလ်လောင်းလေးနွယ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိုအစဉ်အလာကောင်းများနှင့်ပြည့်စုံသည့်တပ်မတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာအမျိုးသမီးများ၏ ထူးချွန်ပြောင်မြောက်သည့် ကြိုးပမ်းဆောင်ရွက်မှုအချို့လည်း ပါရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်သည့်ကာလတွင်လည်း မြန်မာအမျိုးသမီးအချို့သည် တပ်မတော်သို့ဝင်ရောက်စစ်မှုထမ်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၅၄ ခုနှစ်က နိုင်ငံတော်ကာကွယ်ရေးအတွက် အမျိုးသမီးစစ်ဝန်ထမ်းတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီးစစ်မှုထမ်းများစွာလည်း ပေါ်ပေါက်ခဲ့ကြောင်း။

တပ်မတော်၏လုပ်ငန်းတာဝန်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်ဆိုပြီး ချမှတ်ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ထိုအထဲကမှ အခြေခံအကျဆုံးတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရင်းတစ်ဖက်တွင်လည်း လေ့ကျင့်ရေးတာဝန်ကို ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်၏ နောက်ထပ်အဓိကလုပ်ငန်းတာဝန်ကြီး တစ်ခုကမူ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်တွင် အရေးကြုံလာသည့်အခါတိုင်း ရှေ့တန်းကအမြဲတမ်းမားမားမတ်မတ်ရပ်တည်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့သည့် အချိန်တွင်လည်း တပ်မတော်သားတွေကသာ အရင်ဆုံးရောက်ရှိကူညီခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းသည် တပ်မတော်၏ အလွန်မွန်မြတ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေခြင်းပင် ဖြစ်ကြောင်း၊ ယနေ့အချိန်တွင်လည်း တပ်မတော်သည် နိုင်ငံတစ်ဝန်းသွားလာမှုခက်ခဲသည့်နေရာများအထိ ရောက်ရှိပြီး ဆေးကုသပေးမှုများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိရောက်ရှိတာဝန်ထမ်းဆောင်သည့် နယ်မြေဒေသက ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တတ်အားသမျှ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အရေးကြီးဆုံးမှာ လုပ်ငန်းကျွမ်းကျင်မှုအတတ်ပညာပိုင်းဆိုင်ရာ တတ်ကျွမ်းမှုနှင့် စစ်စည်းကမ်းလိုက်နာပြီး အမိန့်နာခံမှုရှိရေးတို့ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုပညာနှင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သေချာစွာလေ့လာမှတ်သားပြီး စနစ်တကျလိုက်နာကျင့်ကြံ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

တပ်မတော်သည် အဓိကလုပ်ငန်းတာဝန်ကြီး (၃)ရပ်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်သည်လည်း တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၀)မှာ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့စဉ်က နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် စနစ်တကျရေးဆွဲထားခြင်း ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများ၏ ဒီမိုကရေစီကို ပုံတူကူးချခြင်းမဟုတ်ဘဲ ကိုယ့်နိုင်ငံ၏ ပထဝီအနေအထား၊ ရိုးရာယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်း သမိုင်းအစဉ်အလာတို့ကိုပါထည့်သွင်းစဉ်းစားပြီး စနစ်တကျရေးဆွဲ အတည်ပြုထားခြင်းလည်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရေးဆွဲအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်အနေဖြင့် လေးစားလိုက်နာရမှာဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ပြည်တွင်းငြိမ်းချမ်းရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရခြင်းသည် ပြည်တွင်းငြိမ်းချမ်းရေးကို အပြည့်အဝ မတည်ဆောက်နိုင်ခြင်းက အဓိကအချက်တစ်ချက်အဖြစ် ပါဝင်နေသည်ကို အထင်အရှားတွေ့ရမည် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်သည် ယခုအချိန်တွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှု ရရှိရေးလုပ်ငန်းများတွင် ဥပဒေဘောင်အတွင်းမှ တက်တက်ကြွကြွလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ စစ်ပွဲတစ်ခုဖြစ်ပွားလာပြီဆိုလျှင် ပထမဦးဆုံးရင်ဆိုင်ကြရသည်မှာ တပ်မတော်သားများဖြစ်ကြောင်း၊ ထို့ကြောင့် မလိုအပ်ဘဲ စစ်ဖြစ်ပွားမှုကို အဖြစ်နိုင်ဆုံးမလိုလားသူများသည်လည်း တပ်မတော်သားများပင်ဖြစ်ကြောင်း၊ ပြည်တွင်းတွင်အကြောင်းအမျိုးမျိုးဖြင့် ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများတွင် မည်သည့်ဘက်ကပင် ထိခိုက်ကျဆုံးသည်ဖြစ်စေ မိမိတို့တိုင်းရင်းသားညီနောင်များသာဖြစ်၍ တိုင်းပြည်အတွက်လည်း အလွန်ပင်ထိခိုက်နစ်နာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်အားများ၊ စွမ်းအားများ အလဟဿ ထိခိုက်ဆုံးရှုံးရခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့်လည်း မိမိရောက်ရှိတာဝန်ထမ်းဆောင်ရာဒေသတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးရမည်ဆိုသည်ကို သဘောပေါက်နားလည်ထားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိတို့တပ်မတော်အနေဖြင့် ပိုင်နက်နယ်မြေကို တစ်လက်မမျှ အဆုံးရှုံးမခံနိုင်ဘဲ နိုင်ငံပိုင်နက်နယ်မြေကို လက်ရှိအတိုင်း စုစုစည်းစည်းတည်ရှိနေရန် အလေးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကိစ္စများကို ရောက်ရှိ တာဝန်ထမ်းဆောင်ရာဒေသတိုင်းတွင် အစဉ်အလေးထားဆောင်ရွက်သွားကြရန်နှင့် ဒို့တာဝန် အရေးသုံးပါးကို အစဉ်ကာကွယ်ထိန်းသိမ်းပြီး နိုင်ငံတော်နှင့်တပ်မတော်၏ အနာဂတ်ကာလတွင် အားကိုးထိုက်သည့် ခေါင်းဆောင်ငယ်များ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ကို တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းလေးနွယ်ထွန်း အဖ ဦးထွန်းမြင့်၊ အမိ ဒေါ်မြင့်လေး (မအူတောရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်)၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းဇာဇာအောင် အဖ ဦးသောင်းအေး၊ အမိဒေါ်ရင်နု (ကညင်ငူရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး)တို့အား မိဘများနှင့်အတူ တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(မြဝတီ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရ လေးနွယ်ထွန်းနှင့် မိသားစု၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းဇာဇာအောင်နှင့် မိသားစုတို့နှင့် တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## လယ်ယာသုံးပစ္စည်းများအရစ်ကျဝယ်ယူနိုင်ရေး လက်တွေ့သရုပ်ပြ

**ဖြူး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြပွဲအခမ်းအနားကို ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ မြတ်အိန္ဒြေကုမ္ပဏီစိုက်ကွင်း၌ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လက်တွန်းလယ်ထွန်စက်၊ လယ်ထွန်စက်နှင့်စပါးရိတ်သိမ်းခြွေလှေ့စက်ကိုးမျိုးကို လက်တွေ့မောင်းနှင်သရုပ်ပြကြသည်။ လယ်ယာသုံးစက်ပစ္စည်းများကို တစ်နှစ်အာမခံပေးထားပြီး တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေကို ခြောက်လတစ်ကြိမ်နှုန်းဖြင့် ခြောက်နှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသရုပ်ပြပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်မှ သမဝါယမအသင်းသား တောင်သူလယ်သမားများ၊ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၇၀၀ ကျော်ခန့် တက်ရောက်ကြသည်။ **ဖြူး-မြင့်ဦး**



အာဆီယံကဏ္ဍနှင့်ပြည်တွင်းသတင်း

# ဆဋ္ဌမအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၈**

ဆဋ္ဌမအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်၊ သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ အစီရင်ခံစာနှင့် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့တွင် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဖြေ။ ။ အဓိကရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံက ဖော်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးကို ထောက်ခံအားပေးရန်နဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုလုပ်ဆောင်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေက အလွန်စိတ်ဝင်စားမှုရှိလာကြပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ် ဒုတိယဝန်ကြီးရဲ့အမြင်ကို သိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာမှုရှိလာကတည်းက ပြည်ပရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားမှုရှိခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံက တာဝန်ရှိသူများအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံအဆောက်အအုံ အပါအဝင် အခြေအနေကောင်းများကို ဖန်တီးပေးဖို့လိုအပ်ပါတယ်။

**မေး။ ။ အစ္စရေး-မြန်မာ သံတမန်ဆက်ဆံရေးဟာ အနှစ်(၆၀)ပြည့်ပြီလို့သိရပါတယ်။ မြန်မာနိုင်ငံဟာ အစ္စရေးနိုင်ငံကို ပထမဦးဆုံးအသိအမှတ်ပြုတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာနဲ့ အစ္စရေးတို့အကြား အနာဂတ်ဆက်ဆံရေးအခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ အစ္စရေးနှင့်မြန်မာ နှစ်(၆၀)သံတမန်ဆက်ဆံရေးကာလအတွင်း အစ္စရေးတို့အနေနဲ့ လှုပ်ရှားမှုများစွာကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအထဲမှ မြန်မာတက္ကသိုလ်ကျောင်းသားများပါဝင်သော Logo ပြိုင်ပွဲ၊ ပထမဦးဆုံးသော အစ္စရေးရုပ်ရှင်ပြပွဲ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိများ အပြန်အလှန်လည်ပတ်ရေး ပြန်လည်စတင်မှု၊ Soul Bird စာအုပ်ဘာသာပြန်စီမံကိန်းနှင့် စာကြည့်တိုက်နှင့် ကျောင်းများသို့ လှူဒါန်းမှုများပြုခြင်း စတာတွေကို ပြုလုပ်ခဲ့ပါတယ်။ အနာဂတ်ဆက်ဆံရေးအနေနဲ့ မြန်မာအစိုးရက အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ တိုင်းရင်းသားပြန်လည်ရင်ကြားစေ့ရေးတို့ကို ကူညီအားပေးခြင်းဖြင့် အနာဂတ်ဆက်ဆံရေးကို မြှင့်တင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အစ္စရေးကုမ္ပဏီတွေ စိတ်ဝင်စားမှုအများကြီးရှိတယ်လို့ သိရပါတယ်။ အစ္စရေးကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံချင်သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အစ္စရေးကုမ္ပဏီတွေအနေနဲ့ အဓိက ရင်းနှီးမြှုပ်နှံချင်တာကတော့ လယ်ယာကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ တယ်လီကွန်မြူနီကေးရှင်းနှင့် အခြားသောကဏ္ဍများမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးကန်ထရိုက် အောင်မြင်ခဲ့သော ကုမ္ပဏီနှစ်ခုစလုံးကလည်း မိမိတို့၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရာမှာ အစ္စရေးကုမ္ပဏီများထံမှ အကူအညီရရှိရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ အစ္စရေး၏ Medotot ကုမ္ပဏီအနေနဲ့လည်း ရန်ကုန်မြို့တော်အတွင်း ရေပေးဝေရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ အဆင့်မြင့်နည်းပညာနဲ့ တီထွင်ဆန်းသစ်မှုတွေကို မျှဝေပေးလိုက်ခြင်းအားဖြင့် မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ထို့ပြင် မြန်မာကျောင်းသားများကို အစ္စရေးနိုင်ငံ၌ လက်တွေ့ရော၊ စာတွေ့ပါ သင်ကြားပေးခြင်းဖြင့် မြန်မာနိုင်ငံအတွက် အသိဉာဏ်ဗဟုသုတတွေကို မိမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ မြန်မာအရာရှိကြီးတွေ အစ္စရေးနိုင်ငံကို မကြာခဏ သွားရောက်လည်ပတ်လေ့ရှိပေမယ့်လည်း အစ္စရေးအရာရှိကြီးတွေက မြန်မာနိုင်ငံကို လာရောက်မှုနည်းပါးပါတယ်။ ဒါကြောင့်မို့ ဒုတိယဝန်ကြီး မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခြင်းဟာ မြန်မာပြည်သူတွေအတွက် အလွန်အရေးပါမယ်၊ အလွန်အကျိုးရှိမယ်လို့ ထင်မိပါတယ်။ အဲဒီထင်မြင်ချက်အပေါ် ဒုတိယဝန်ကြီးရဲ့ အမြင်ကို သုံးသပ်ပေးပါ။**

ဖြေ။ ။ မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်ဦးနု ပထမဦးဆုံးတရားဝင် ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်တာကို မှတ်မိနေတုန်းပါပဲ။ အဲဒီနောက်မှာ မိမိတို့ဝန်ကြီးချုပ် မစ္စတာ David Ben-Gurion ၁၉၆၁ ခုနှစ်မှာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ အစ္စရေးနိုင်ငံတို့ဟာ အပြန်အလှန်အကျိုးစီးပွားရှိကြတဲ့နိုင်ငံတွေပါ၊ အစ္စရေးနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ယခုမှမဟုတ်ဘဲ နှစ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးမှုရှိခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်တွေက မြန်မာနိုင်ငံဝန်ကြီးများ အစ္စရေးနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခဲ့ကြပါတယ်။

အစ္စရေးနိုင်ငံခြားရေး ဒုတိယဝန်ကြီး၏ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်ခရီးစဉ်သည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အစ္စရေးနိုင်ငံသို့ အစိုးရဝန်ကြီးများ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့အပြီးတွင် ဖြစ်ပေါ်ခဲ့ပြီး အစ္စရေးနှင့်မြန်မာနိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရေးအား တစ်ဖန်ဖော်ကျူးလိုက်ခြင်းပင်ဖြစ်သည်။

နေပြည်တော်ရှိ တွေ့ဆုံပွဲများအတွင်း အစ္စရေး ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံကြားဆက်ဆံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို ဆွေးနွေးခဲ့ပြီး လွန်ခဲ့သော သုံးနှစ်ကာလအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် ပြုပြင်ပြောင်းလဲမှုအပေါ် အစ္စရေး၏ ပံ့ပိုးထောက်ခံမှုများအား ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးနယ်ပယ်များတွင် လွန်ခဲ့သော နှစ်(၆၀)အတွင်း အစိုးရ-ပုဂ္ဂလိကနှင့် အင်န်ဂျီအိုများမှ မြန်မာသင်တန်းသား ရာပေါင်းများစွာတက်ရောက်ခဲ့သော MASHAV ခေါ် အစ္စရေးနိုင်ငံတကာ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ လက်ရှိလေ့ကျင့်သင်ကြားရေး ပရိုဂရမ်များအား ပိုမိုချဲ့ထွင်လိုကြောင်း ပြောကြားခဲ့ရာ အဆိုပါ ဒုတိယဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိပါသည်။

## မြန်မာ့လက်ရွေးစင်ဂိုးပြတ်နိုင်

**ရန်ကုန် ဩဂုတ် ၂၈**

ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL ကလပ် မကွေးအသင်းတို့သည် ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ မြန်မာ့လက်ရွေးစင်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖိလစ်ပိုင် ဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားသည့် မြန်မာအသင်း၏ ခြေစမ်းပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် အပြီးသတ်လူရွေးချယ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်သောကြောင့် ကစားသမားအများစုကို အသုံးပြုသွားခဲ့သည်။ မကွေးအသင်းမှာ နိုင်ငံခြားသားကစားသမားများကို အသုံးပြုခြင်းမရှိဘဲ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ကျော်ကိုကို၊ နန္ဒလင်းကျော်ချစ်၊ စိုးမင်းဦးနှင့် အောင်ကျော်နိုင်တို့က သွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးများကို မျိုးဇော်ဦးနှင့် စိုးမင်းနိုင်တို့က သွင်းယူပေးခဲ့သည်။

**ညီမြတ်သော်တာ**

✻ *ကျောဖုံးမှ*

ရလဒ်ကောင်း ရယူနိုင်ခြင်းမရှိဘဲ အိမ်ကွင်း၌ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် အဇစ်၊ ၅၈၊ ၆၈ မိနစ်တွင် သန့်ဇင်ဦးနှင့် ၇၈ မိနစ်တွင် ဇွန်မိုးအောင်တို့က သွင်းယူခဲ့ပြီး နေပြည်တော်အတွက် ချေပဂိုးကို ၆၂ မိနစ်တွင် ဒီပီဒီက သွင်းယူခဲ့သည်။ ယခုပွဲမှာ နေပြည်တော်အသင်း ရှုံး/ထွက် ဗိုလ်လုပွဲ ရောက်ရှိနေသောကြောင့် ကြိုကစားခြင်းဖြစ်သည်။


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ**
**ကျောက်ဖြူအထူးစီးပွားရေးဇုန်**
**ရင်းနှီးတည်ဆောက်သူများထံမှ စိတ်ဝင်စားမှုဖော်ပြလွှာ(EOI)**

### ခေါ်ယူပြီးစီးမှုကြေညာခြင်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးတည်ဆောက်သူ(Developers)များအား ရေနက်ဆိပ်ကမ်းစီမံကိန်း(Deep Sea Port)၊ စက်မှုစီမံကိန်း(Industrial Park)နှင့် လူနေအိမ်ရာစီမံကိန်း(Integrated Residential Project)၊ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း သုံးခုခွဲကာ နိုင်ငံတကာသို့ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်အရ ၁၄-၇-၂၀၁၄ရက်တွင် စိတ်ဝင်စားမှုဖော်ပြလွှာ(EOI)များ တင်သွင်းရန်ဖိတ်ခေါ်ခဲ့ပြီး EOIတင်သွင်းရမည့်နောက်ဆုံးရက်အဖြစ် ၂၅-၈-၂၀၁၄ရက် ၁၇:၀၀နာရီကို သတ်မှတ်လုပ်ဆောင်ခဲ့ပါသည်။

EOI များတင်သွင်းရန် နောက်ဆုံးရက်အဖြစ်သတ်မှတ်ထားသည့် ဩဂုတ် ၂၅ရက် အထိ နိုင်ငံပေါင်း ၁၁နိုင်ငံမှ ကုမ္ပဏီအုပ်စုပေါင်း ၆၁ခုမှတ်ပုံတင် စာရင်းပေးသွင်းခဲ့ကြပြီး နိုင်ငံပေါင်း ခုနစ်နိုင်ငံ၊ ကုမ္ပဏီအုပ်စု ၁၂ခုမှ ယင်းတို့စိတ်ဝင်စားသော အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို အထောက်အထား ၂၁ခုအတွက် သတ်မှတ်ထားသော အမေရိကန်ဒေါ်လာ ၁၀၀၀ အသီးသီးပေးသွင်းကာ ရယူခဲ့ကြပါသည်။ ယင်းပေးသွင်းထားသူများအနက် နိုင်ငံပေါင်း ငါးနိုင်ငံမှ ကုမ္ပဏီအုပ်စု ခုနစ်ခုက စိတ်ဝင်စားမှုဖော်ပြလွှာ(EOI) အထောက်အထား ၁၂ခုကို ပြန်လည်တင်သွင်းခဲ့ကြပါသည်။

စိတ်ဝင်စားမှုဖော်ပြလွှာ(EOI)အထောက်အထားများ တင်သွင်းလာကြသည့် ကုမ္ပဏီအုပ်စုများအနေဖြင့် အသေးစိတ်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားရန် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ(BEAC)အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်တိုးတက်သမျှကို အချိန်နှင့်တစ်ပြေးညီအသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**Bid Evaluation and Awarding Committee(BEAC) of the Kyauk Phyu Special Economic Zone and CPG Consortium**



**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အထက(၄) သတ္တမတန်း(B)မှ နန်းဖွားကြည်၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွက်အို၊ ၁၃/တကန(နိုင်) ၁၆၁၅၄၇ ဖြစ်ပါသည်။








### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၈)ရပ်ကွက်ရှိ ဦးအုန်းရွှေ(BQ-၀၂၅၆၀၀) အမည်ပေါက်သည့် ဧရိယာပေ (၄၀×၆၀)ရှိ မြေကွက်အမှတ် ၆၁၂၊ ဇေယျာသီရိလမ်း၊ ပါမစ်မြေကွက်နှင့် ယင်းမြေ၏အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းစံ ၁၃/ဆဆန(နိုင်)၀၂၈၅၉၂ထံမှ ဦးထွန်းအောင် ၁၃/ကမန(နိုင်)၀၀၉၂၃၄က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းအောင်**
**၁၃/ကမန(နိုင်)၀၀၉၂၃၄**
**ဖုန်း-၀၉-၅၁၄၀၀၆၀**



### နေလမင်း
### အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံး အိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီ…

- တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်တိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာစာချုပ်ချုပ်ဆိုပေးခြင်း GP,SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့ လာရောက်လျှင် ကားဝင်း၌ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့စိတ်တိုင်းကျမြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသောမြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူ ဆောင်ရွက်ပေးနေပါသည်။
- ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်နှင့် ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးတွင်ရှိသော မြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျီးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးရှိ မြေကွက်များ၊ ရ·က·က (၁၃)၊ ဆင်ခေါင်းလေး၊ နောင်လုံး၊ ရေသရောက်ကုန်း၊ အနီးစခန်း၊ အောင်ချမ်းသာ ကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံး မြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့ စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**(စုံစမ်းချိန်- နံနက် ၈နာရီမှ ညနေ ၅နာရီအထိ)**

**စုံစမ်းရန် - နေလမင်း အိမ်ခြံမြေနှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၂၈)၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊**
**ရွှေလီဦးအထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၄၀၂၅၅၂၀၃၊ ၀၉-၄၉၂၇၆၉၉၉**

*စာမျက်နှာ ၆ မှ*

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးများ၏ သဘာပတိဖြစ်သည်။ ဩဂုတ် ၈ ရက် ဖွင့်ပွဲစတင်လိုက်သည်မှစ၍ ၁၀ရက်အထိ အစည်းအဝေးပေါင်း(၂၄)ခုကို သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။ အစည်းအဝေးတိုင်းလိုလိုသည် လေးနက်သောဆွေးနွေးမှုများကြောင့် သတ်မှတ်ထားသည့်အချိန်ထက်ကျော်လွန်ခဲ့သည်သာဖြစ်သည်။ အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား အသက်ရှူချိန်အဖြစ်ထားသည့် ကော်ဖီသောက်ချိန်တွင်ပင်မနားရ၊ အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အိမ်ရှင်နိုင်ငံခြားရေးဝန်ကြီးကို တွေ့ဆုံလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အစည်းအဝေးများဖြင့် ပြည့်ကျပ်နေသည့်အချိန်အတွင်း တစ်ဦးပြီးတစ်ဦး မာရသွန် တွေ့ဆုံရသည်။ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအနေဖြင့် အစည်းအဝေးတစ်ခုအပြီး၊ နောက်တစ်ခုက အဆင်သင့်စောင့်လို့နေလျက်ရှိရာ စကြံလမ်းများပေါ်ခပ်သုတ်သုတ်လျှောက်လျက် တစ်ခန်းပြီးတစ်ခန်း ဝင်ထွက်၍ ချိန်ကိုက်လှုပ်ရှားကြလျက်ရှိလေသည်။ ကျန်ဆက်စပ်အစည်းအဝေးများကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပနေသည်ဖြစ်ရာ အစည်းအဝေးများ၏ သဘောသဘာဝအရ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသဖြင့် အရေးပေါ်တင်ပြစရာများရှိလျှင်ဖြစ်စေ၊ အစည်းအဝေးဆုံးဖြတ်ချက်များကို ပြောချင်လျှင်ဖြစ်စေ ကိုယ်စားလှယ်များသည်လည်း တစ်ခန်းပြီးတစ်ခန်း၊ အထက်မှအောက်သို့ ခပ်သွက်သွက်ပြေးလွှားလျက် ပျားပန်းခပ်မျှ လှုပ်ရှားသက်ဝင်နေသည်ကိုလည်း တွေ့မြင်ကြရသည်။

အစည်းအဝေးကျင်းပနေစဉ်ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ နော်ဝေနှင့် မွန်ဂိုလီးယားအပါအဝင် နိုင်ငံခြားရေးဝန်ကြီး ကိုးဦးနှင့်တွေ့ဆုံလျက် နှစ်နိုင်ငံရေးရာကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့သည်။ အစည်းအဝေးကာလအတွင်း အချိန်အကန့်အသတ်များကြားမှ ခေတ္တခဏနားချိန်များပါမကျန် တွေ့ဆုံရန် စီစဉ်ခဲ့ရသည်ဟု တွေ့ဆုံဆွေးနွေးပွဲစီစဉ်သူတို့၏ အချိန်ကိုက်ပေါင်းစပ်စီစဉ်ရသည့်အခက်အခဲမှာလည်း မသေးပါ။ သတင်းထောက်များအနေဖြင့်လည်း ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံလိုကြမည်မှာ ဓမ္မတာဖြစ်သည်။ ထိုကြားအချိန်များတွင် ရပ်တန့်တွေ့ဆုံရန် အခြေအနေမပေး၊ အချိန် ကန့်သတ်ချက်ကကြီးမားခဲ့သည်။ အစည်းအဝေးအစဉ်အလာအတိုင်း အစည်းအဝေးပြီးချိန်မှသာ သတင်းစာရှင်းလင်းပွဲကျင်းပတွေ့ဆုံနိုင်ခဲ့သည်။ သို့သော်လည်း အချိန်မပေးသဖြင့် တွေ့ဆုံနိုင်မှုမရှိသည်ကို နားလည်ကြလိမ့်မည်ဟု ထင်ပါသည်။

နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ခေါင်းဆောင်သော ပြန်ကြားရေးအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနကို တက်ကြွစွာကူညီခဲ့ပါသည်။ ပြန်ကြားပေးရန်တာဝန်သည် မိမိတို့တာဝန်ဟုခိုင်မြဲစွာခံယူကြသည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်တာနက်စာမျက်နှာနှင့် နေ့စဉ်နိုင်ငံခြားရေးစာစောင်ကို တာဝန်ခံသည့် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးအား တွဲဖက်တာဝန်ပေးခဲ့သည်။ နေ့စဉ်ကျင်းပသည့် အစည်းအဝေးများနှင့် ပတ်သက်၍ သတင်းကြေညာချက်များ ထုတ်ပြန်နိုင်ရန် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရေးတာဝန်ခံများကို ပေးပို့နိုင်ခဲ့သဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှလည်း သတင်းများထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှအဖွဲ့သည် သတင်းထောက်များ မှတ်ပုံတင်ရေး၊ ကျွေးမွေးဧည့်ခံရေးနှင့် ကြိုဆိုပို့ဆောင်ရေးအလုံးစုံကို တာဝန်ယူပေးသည်။ ပြည်ထောင်စုဝန်ကြီးကလည်း နေ့စဉ်သတင်းစာရှင်းလင်းပွဲကို ဆောင်ရွက်ပေးသည်။ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအောင်မြင်မှုသည် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံး၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများကြောင့်ဖြစ်သည်ကို များစွာအသိအမှတ်ပြုပါသည်။ အစည်းအဝေးများအပြီး နာမည်ကြီး ပြည်ပသတင်းစာများကလည်း ဥက္ကဋ္ဌတာဝန်ယူသည့် မြန်မာနိုင်ငံအား ချီးကျူးသည့်ဆောင်းပါးများ ရေးသားထုတ်ဝေခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ၁၈-၈-၂၀၁၄ ရက်က ထုတ်ဝေသည့် ထိုင်းနိုင်ငံ The Nation သတင်းစာရဲ့ Mid-term review of Myanmar's ASEAN Chair ဆောင်းပါးတွင် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ၏ တောင်တရုတ်ပင်လယ်ကိစ္စကိုင်တွယ်မှုအပေါ် အငြင်းပွားမှုတွင် တိုက်ရိုက်ပါဝင်သည့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့၏ ထောက်ခံမှုကိုရရှိခဲ့ကြောင်းနှင့် ဇန်နဝါရီနှင့် မေလတွင်းက ထုတ်ပြန်ခဲ့သည့် ကြေညာချက်များသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျွမ်းကျင်စွာ ကိုင်တွယ်နေသည်ကို ပြသကြောင်း ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံရဲ့ အင်တာနက်စာမျက်နှာဖြစ်သည့် www.asean2014.gov.mm တွင်လည်း အာဆီယံနဲ့ပတ်သက်သည့် သတင်းထုတ်ပြန်ချက်၊ ကြေညာချက်နှင့် အခြားအချက်အလက်များကို ပြည့်စုံစွာ အချိန်နှင့်တစ်ပြေးညီ ဖော်ပြခဲ့ပါသည်။

အစည်းအဝေးများနောက်ကွယ်မှလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှအဖွဲ့တစ်ဖွဲ့ကလည်း အချိန်မီသတင်းများ ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းပေးလျက်ရှိသည်။ အစည်းအဝေးများ မစတင်မီကတည်းက နေ့စဉ်သတင်းထုတ်ပြန်နိုင်ရေးနှင့် အစည်းအဝေးတစ်ခုချင်းအလိုက် သတင်းများထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားသည်နှင့်အညီ အချိန်နှင့် တစ်ပြေးညီ နောက်ဆုံးဖြစ်ပေါ်မှုများကို ရေးသားလျက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ကာ ဟန်ချက်ညီညီလှုပ်ရှားခဲ့ကြသည်။ တာဝန်ကျသူများသည် ကြေညာချက်များထွက်လာသည့် ညသန်းခေါင်ယံအချိန်ထိတိုင်အောင် စောင့်ဆိုင်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဆိုက်ဒ်၊ မြန်မာအာဆီယံဥက္ကဋ္ဌဝက်ဆိုက်ဒ်နှင့် အာဆီယံဝက်ဆိုက်ဒ်များတွင် အချိန်မီလွှင့်တင်နိုင်ရေးအပါအဝင် မီဒီယာခန်းမတွင် သတင်းရယူနေသည့် သတင်းနှင့် စာနယ်ဇင်းသမားများအားသတင်းပေးနိုင်ရေးအတွက် တက်ကြွစွာလှုပ်ရှားခဲ့ကြသည်ကိုလည်း မြင်တွေ့ခဲ့ရပေသည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာ၏အရေးပါမှုကိုလည်း မျက်မြင်တွေ့မြင်ရပေသည်။ အင်တာဗျူးခံရသော အရာရှိတစ်ဦးက "ကျွန်တော်တို့ ပေါ်ပြူလာဖြစ်ချင်လို့ အင်တာဗျူးလုပ်တာမဟုတ်ပါ။ အာဆီယံနှင့်ပတ်သက်၍ အစည်းအဝေးနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်အောင် မီဒီယာမှတစ်ဆင့် တင်ပြအစီရင်ခံနေခြင်းသာဖြစ်ပါသည်"ဟု ဆိုခဲ့သည်။

ဩဂုတ် ၁၀ရက် ညနက်ပိုင်းတွင်တော့ (၄၇)ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့်အတွက် အစည်းအဝေးကျင်းပရေးအဖွဲ့များအပါအဝင် အားလုံးသော ပါဝင်ဆောင်ရွက်သူများသည် ပင်ပန်းနွမ်းနယ်နေကြသော်လည်း စိတ်နှလုံးချမ်းမြေ့စွာဖြင့် ဝမ်းသာပီတိကို ခံစားနေမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ မည်မျှပင်ချောမွေ့သည်ဟု ဆိုစေကာမူ အမှတ်ထင်ထင်ဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ အဆင်မပြေမှုများတော့ ရှိကြဦးမည်ဖြစ်လေသည်။ သို့သော် အများစုက ယခင်ကထက် ပိုမိုအဆင်ပြေသည်ဟုတော့ ပြောကြပါသည်။ လုပ်ရင်းကိုင်ရင်းနှင့်ပင် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူ၍ မိမိတို့၏ စွမ်းဆောင်မှုများကို ပိုမိုပြည့်စုံကောင်းမွန်အောင် ကြိုးစားသွားကြရဦးမည်ဟု ခံယူမိသည်။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်၏ ခရီးစဉ်က နှစ်ဝက်ကျော်သို့ ကျော်ဖြတ်ရောက်ရှိလာပါပြီ။ နှစ်လုံးပေါက် အစည်းအဝေးများကိုလည်း တစ်ခုပြီးတစ်ခု အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ ရှေ့ဆက်၍လည်း နိုဝင်ဘာလတွင်ကျင်းပမည့် အရေးကြီးဆုံးဖြစ်သည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရဦးမည်။ မိမိတို့တွင်ရှိသမျှသော အတွေ့အကြုံ၊ ခွန်အားတို့ဖြင့် အကောင်းဆုံးလုပ်ဆောင်သွားမည်ဟု အိမ်ရှင်မြန်မာတို့၏ နှလုံးအိမ်တွင် မျှော်မှန်းရည်သန်လျက်ရှိပေသည်။ နိုင်ငံသူ နိုင်ငံသားမိဘပြည်သူများ၏ အားပေးထောက်ခံမှုဖြင့် အာဆီယံဥက္ကဋ္ဌ မြန်မာက **"ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"**သို့ ယုံကြည်မှု ပြည့်ဝခိုင်မာစွာဖြင့် ဦးဆောင်သွားမည်သာ ဖြစ်ပါတော့သည်။

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အတွေ့အကြုံရှင်းလင်း

**မုံရွာ ဩဂုတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်၌ ဩဂုတ် ၁၃ မှ ၁၅ ရက်အထိ ကျင်းပခဲ့သော နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း တက်ရောက်ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မုံရွာမြို့ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းကျော် **(ယာပုံ)**က သင်တန်းအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်တာဝန်ရှိသူများက မိမိတို့ဒေသအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လုပ်ဆောင်မည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များ ချမှတ်ကာ မြို့နယ် အဆင့်၊ ကျေးရွာအဆင့်အထိ ရလဒ်များရရှိအောင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများအပေါ် ဆွေးနွေးခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင် ပုသိမ်အနောက်မြို့နယ်၊ ချောင်းသာကမ်းခြေရှိ ချောင်းသာကမ်းခြေဟိုတယ် အခန်း (၈၈)ခန်း၊ မြေ ၂၂ ဒသမ ၂၀ဧကအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား (၁၅)နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် ၅၀၀၀ဝိ/- ဖြင့် ၂၉-၈-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၄ ရက် (ကြာသပတေးနေ့) ၀၉း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**



# ပြည်တွင်းသတင်းနှင့်ဆောင်းပါး

■ *ရှေ့ဖုံးမှ*

ထို့ကြောင့် မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံအကြား ရေရှည်တည်တံ့သည့်စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်မှုများအကြောင်းကို မြန်မာနိုင်ငံမှ လက်ခံကျင်းပပေးနေသည့် တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ ညီလာခံသို့ တက်ရောက်လာခဲ့သည့် ကနေဒါနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီး The Honourable Edward Fast အား မြန်မာ့အလင်းသတင်းစာမှ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး ။ ။ ကနေဒါနိုင်ငံက မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်အတွင်းက သံရုံးဖွင့်လှစ်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ခဲ့ပါတယ်။ ဒါပေမယ့် ယခုဘဏ္ဍာနှစ်အတွင်းမှာ ကနေဒါ-မြန်မာ ကုန်သွယ်ရေးကဏ္ဍမှာ အနည်းငယ်သာ ကုန်သွယ်မှုပြုနိုင်ခဲ့သေးတာ ဘာကြောင့်ပါလဲ။**

ဖြေ ။ ။ ကုန်သွယ်မှုအနေနဲ့ လုပ်ငန်းတွေ စတင်လျက်ရှိပါပြီ။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုပြုလုပ်ဖို့အတွက် ကနေဒါလုပ်ငန်းရှင်တွေကိုလည်း စည်းရုံးပြောဆိုသွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ပို့ကုန်သွင်းကုန်ပမာဏနည်းနေပါသေးတယ်။ ဒါကလည်းကနဦးအခြေအနေမို့ဖြစ်ပါတယ်။ ကနေဒါဘက်က အီလက်ထရွန်နစ်ထုတ်ကုန်တွေ၊ စက်ကိရိယာနဲ့ ဓာတ်သတ္တုထုတ်ကုန်စတာတွေ မြန်မာနိုင်ငံကို တင်ပို့နေပြီး အပြန်အလှန်အားဖြင့် ဟင်းသီးဟင်းရွက်၊ သစ်မာ၊ မွေးမြူရေးနဲ့ အထည်အလိပ်ထုတ်ကုန်တွေကို မြန်မာဘက်ကနေ တင်သွင်းလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ ကနေဒါဘက်က အမေရိကန်ဒေါ်လာ ၈၅ သန်းကျော်ဖိုးတင်ပို့ခဲ့ပြီး မြန်မာဘက်က အမေရိကန်ဒေါ်လာ ၈၃ သန်းကျော် တင်ပို့ခဲ့ပေမယ့် ရာခိုင်နှုန်းအားဖြင့် အခြားအာဆီယံနိုင်ငံတွေအောက် လျော့နည်းနေပါသေးတယ်။ ဆက်ပြီးတော့လည်း မြန်မာပို့ကုန်တွေကို တိုးမြှင့်လက်ခံသွားမှာဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ ကနေဒါနိုင်ငံက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမလုပ်သေးတာ တွေ့ရပါတယ်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဘယ်တော့လောက်စနိုင်မလဲ။**

ဖြေ ။ ။ ကနေဒါအစိုးရအနေနဲ့ မိမိနိုင်ငံကလုပ်ငန်းရှင်တွေကို အတင်းအကျပ်ရင်းနှီးမြှုပ်နှံခိုင်းလို့ မရပါဘူး။ ကနေဒါလုပ်ငန်းရှင်တွေအများစုက အာရှမှာ ရင်းနှီးမြှုပ်နှံဖို့ စိမ်းနေပါသေးတယ်။ ကနေဒါက ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံတွေထဲမှာ ပါဝင်ပြီး လုပ်ငန်းကြီးတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော် မြန်မာနိုင်ငံကို လာရောက်တာနှစ်ကြိမ်ရှိပါပြီ။ ကျွန်တော်ကနေဒါကိုပြန်ရောက်တဲ့အခါ မြန်မာနိုင်ငံရဲ့တိုးတက်မှုတွေ၊ နိုင်ငံရေးအခြေအနေတွေ၊ သဘာဝသယံဇာတတွေနဲ့ စီးပွားရေး ရင်းနှီးမြှုပ်နှံဖို့အတွက် အားသာချက်တွေစတဲ့ သတင်းအချက်အလက်တွေကို ကနေဒါလုပ်ငန်းရှင်တွေဆီ ပြန်လည်မျှဝေပေးသွားမှာဖြစ်ပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်းမှာပဲ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ စတင်နိုင်မှာဖြစ်ပါတယ်။

ကနေဒါရဲ့ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာ အဓိက ဝင်ရောက်လုပ်ကိုင်သွားမှာဖြစ်ပြီး စွမ်းအင်ကဏ္ဍမှာလည်း ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး၊ ပညာရေးနဲ့ စားသောက်ကုန်ထုတ်လုပ်ရေးစတဲ့ လုပ်ငန်းတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် မြန်မာနဲ့ကနေဒါတို့မှာ တူညီတဲ့အချက်က စိုက်ပျိုးမြေများပြားတဲ့အတွက် ကနေဒါရဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ စက်မှုလယ်ယာကူးပြောင်းရေးနည်းစနစ်တွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံရဲ့ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို ဘယ်လိုအကြံဉာဏ်တွေ၊ ပံ့ပိုးမှုတွေပေးချင်ပါသလဲ။**

ဖြေ ။ ။ မြန်မာနဲ့ ကနေဒါတို့ဟာ ကျေးလက်ဧရိယာကျယ်ဝန်းမှုနဲ့ ကျေးလက်နေပြည်သူများပြားမှု အခြေအနေချင်းတူညီတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ကျေးလက်ကို အများကြီးတိုးတက်အောင်လုပ်ခဲ့ပါတယ်။ အဓိကကတော့ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ဖို့ဖြစ်ပါတယ်။ စက်မှုလယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် မြန်မာနိုင်ငံကို ကူညီသွားဖို့ပြင်ဆင်ထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့လည်း ညှိနှိုင်းမှုတွေ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။ ဆန်အပါအဝင် စိုက်ပျိုးရေးထွက်ကုန်တွေကို နိုင်ငံတကာမှာ စနစ်တကျကုန်သွယ်နိုင်ဖို့အတွက် ကနေဒါကနေ ကူညီသွားမှာဖြစ်ပါတယ်။ နောက်ပြီး ရေအားအရင်းအမြစ်ကြွယ်ဝတာချင်းတူညီမှုရှိတဲ့အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာလည်း ကနေဒါကနေ နည်းပညာတွေ ပံ့ပိုးတာ၊ အကျိုးတူပူးပေါင်းတာတွေ ပြုလုပ်သွားပါမယ်။ ဒါဆိုရင် မြန်မာရဲ့ စွမ်းအင်နဲ့ လျှပ်စစ်ကဏ္ဍအတွက် အကျိုးကျေးဇူးတွေရလာမှာဖြစ်ပါတယ်။ ဒါ့အပြင် မကြာမီကထုတ်ပြန်ခဲ့တဲ့ ကနေဒါနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာ ပညာရေးမဟာဗျူဟာအရ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍမြှင့်တင်မှုတွေမှာ ပံ့ပိုးကူညီသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့် ကနေဒါလုပ်ငန်းရှင်တွေကို ဘယ်လိုကူညီသွားမလဲ။ သူတို့တွေအတွက် အစိုးရကဘယ်လိုကြောင့်ကြမှုမျိုးရှိပါသလဲ။**

ဖြေ ။ ။ ကနေဒါအနေနဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုဖြစ်စဉ်ကြီးတစ်ခုလုံးကို သိမြင်နားလည်ပါတယ်။ လေးစားပြီး လက်ခံတဲ့အတွက်လည်း သံရုံးကိုတောင်လာဖွင့်ထားပြီဖြစ်ပါတယ်။ ကုန်သွယ်မှုဌာနကိုလည်း ဖွင့်လှစ်ထားပြီဖြစ်လို့ ဒါတွေက အထောက်အပံ့တွေဖြစ်ပါတယ်။ ဒါ့အပြင် ကနေဒါလုပ်ငန်းရှင်အားလုံးကို တရားမျှတစွာ၊ ကောင်းမွန်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်စေတဲ့ရလဒ်ကောင်းတွေ ထွက်ပေါ်ဖို့ အကူအညီမှန်သမျှပေးအပ်မှာဖြစ်ပါတယ်။ အဓိကကတော့ ကနေဒါလုပ်ငန်းအားလုံးဟာ မြန်မာနိုင်ငံသားတွေအတွက် လုံခြုံစိတ်ချရတဲ့လုပ်ငန်းတွေဖြစ်လာမယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါ့အပြင် Co-operate Social Responsibility (CSR)အပြည့်အဝကျင့်သုံးတဲ့လုပ်ငန်းတွေ ဝင်ရောက်လာမှာဖြစ်လို့ အများကြီး အကျိုးရှိစေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာအစိုးရနဲ့မြန်မာနိုင်ငံသားတွေကို အကူအညီတောင်းလိုတာတစ်ခုရှိပါတယ်။ ကျွန်တော်တို့ ကနေဒါလုပ်ငန်းရှင်တွေ လာရောက်နိုင်အောင် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ပေးကြဖို့နဲ့ လုံခြုံစိတ်ချရတဲ့ ဘဏ်စနစ်တွေနဲ့ ရေရှည်တည်တံ့မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေကို ကြိုးစားတည်ဆောက်ပါလို့ အကူအညီတောင်းလိုပါတယ်။

**မေး ။ ။ ကနေဒါနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံအပေါ်ကို ထားရှိတဲ့သဘောထားကိုသိလိုပါတယ်။ ပြီးတော့ ဒုတိယအကြိမ်လာရောက်တဲ့ အတွေ့အကြုံကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ကတော့ လွန်စွာမှနှစ်ထောင်းအားရဖြစ်ပါတယ်။ တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါဆိုင်ရာ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကနေတစ်ဆင့် မြန်မာအနေနဲ့ တိုးတက်ပြောင်းလဲလာပြီဆိုတာကို ကျွန်တော်လက်ခံပါတယ်။ ပြုပြင်ပြောင်းလဲမှုအစပိုင်းမှာ နှောင့်နှေးမှုနဲ့လိုအပ်ချက်တွေကတော့ ကျန်ရှိနေမှာပါ။ ဒါပေမယ့် မြန်မာအနေနဲ့ ကောင်းကောင်းကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအစိုးရကလည်း နိုင်ငံတိုးတက်မှုကဏ္ဍစုံမှာ အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနေတယ်လို့ သိထားတဲ့ ယုံကြည်မှုကြောင့်လည်း အခုလိုဆက်ဆံရေးတွေ တိုးမြှင့်လာရတာပါ။ မြန်မာနိုင်ငံရဲ့ အောင်မြင်မှုကို အတူတူဝေမျှခံစားဖို့အတွက် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးကဏ္ဍပေါင်းစုံမှာ ကနေဒါအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော်တို့အနေနဲ့ မြန်မာအစိုးရကိုရော၊ ပြည်သူတွေကိုရော လေးစားပါတယ်။ ဒါကြောင့်လည်း ဘားမားလို့ ယခင်ခေါ်ဝေါ်မှုကို စွန့်လွှတ်ပြီး မြန်မာလို့ လေးလေးစားစားခေါ်ဝေါ်တာကို ခင်ဗျားတို့မြင်တွေ့ရပြီမဟုတ်လား။

**(ဖြေကြားပေးပါသော ကနေဒါအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဝန်ကြီး The Honourable Edward Fast အား ကျေးဇူးတင်ရှိပါသည်) (မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၈-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၈၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၅၀၀-၈၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၄၈၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၅ |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၃၂ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅-၃၁၂ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်

**အများသိစေရန်ကြေညာချက်**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာထွန်း ၁၂/ဒပန(နိုင်)၀၄၄၅၈၉၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ တက်လမ်းအိမ်ရာ၊ တိုက် (၇)၊ အခန်း (၄၀၁)နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာထွန်းသည် အငယ်ဆုံးသမီးအရင်းဖြစ်သူ မခင်ရတနာစိုးသိန်းထံသို့ ၂၀-၈-၂၀၁၄ရက်စွဲပါ စာချုပ်ဖြင့်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်း(၃)လမ်းရှိ ကြိုပို့ပွင့်စနစ်ဖြင့် ဝယ်ယူထားသော တိုက်ခန်း (၁)ခန်း။
၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်တုန်းပင်ကျေးရွာရှိ (ဒသမ၉၉) ဧကရှိ လယ်မြေ။
၃။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာရှိ ကွင်းအမှတ် ၆၆၅(င)၊ ၂ ဒသမ ၇၁ ဧက။
၄။ ဧရာဝတီဘဏ်တွင်စုထားသော ငွေကျပ် သိန်း ၁၀၀။
၅။ ဒေါ်ခင်သီတာထွန်း ပိုင်ဆိုင်မှုအားလုံးကို မေတ္တာဖြင့်အပိုင်ပေးကမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-


ဦးသက်နိုင်ဝင်း စဉ်-၃၇၁၄၀ | ဒေါ်အေးမို့မို့အောင် စဉ်-၃၄၃၉၀ | ဒေါ်ဗေရယ်စိုး စဉ်-၃၀၆၀၈ | ဒေါ်ခင်သွယ်ဝင်း စဉ်-၄၃၁၄၅

အထက်တန်းရှေ့နေများ

ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၄၂၀၇၁၅၉၇၊ ၀၉-၂၅၉၀၂၂၇၉၆

**ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၂/က)နေ ဦးမြစိုး ၁၄/မအပ(နိုင်)၁၈၅၆၄၅သည် အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်များဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။




မှတ်ပုံတင်စာချုပ်အမှတ် -၁၀၇၄၅/၂၀၁၄

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် ကရိုင်းရုပ်သခြင်း၊ အင်ဂျင်ဘလောက်၊ လိုင်းဘိုးရိမ်း၊ အင်ဂျင်၊ စလစ်၊ ဘိုးရိမ်း၊ ဘယ်ရင်၊ အင်ဂျင်ဟတ်၊ ပြုပြင်ရေးလုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ပြီး အဆိုပါတံဆိပ်ဖြင့် အထက်ပါဝန်ဆောင်မှုလုပ်ငန်းများအား ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားတုပ၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲပြီးသူများအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မြလှဲ့ဝင်း LL.B.,D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၅၄၄၅၊၀၁-၉၆၆၉၀၀၄၊၀၉-၅၁၅၁၈၃၃

**ဦးအွတ်စမန်း(ခ)ဦးအောင်နိုင် ၁၂/ပဘတ(နိုင်)၀၂၅၄၁၆နှင့် အများသိစေရန် သတိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၇၈)ရှိ သာယာကြည်နူးဖွယ်ခရီးသွားလာရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမောင်မောင်တင် ၁၂/ပဘတ(နိုင်)၀၂၅၄၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် သာယာကြည်နူးဖွယ်ခရီးသွားလာရေးကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ ၁-၈-၂၀၁၄ရက်တွင် လူကြီးမင်း၏ဆန္ဒအလျောက် နုတ်ထွက်ပြီးဖြစ်ကြောင်းနှင့် အစုရှယ်ယာထည့်ဝင်ငွေများ ထုတ်ယူသွားပြီးဖြစ်ကြောင်း ဦးမောင်မောင်တင်၏ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် လူကြီးမင်းသည် ကုမ္ပဏီနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်မရှိတော့သကဲ့သို့ လုပ်ပိုင်ခွင့်လည်း မရှိတော့ပါ။

ဦးအွတ်စမန်း(ခ)အောင်နိုင်နှင့် ပြင်ပတွင်လုပ်ဆောင်ထားသောလုပ်ငန်းများရှိပါက ၄င်းနှင့်သာသက်ဆိုင်ပါကြောင်း၊ ကုမ္ပဏီနှင့်မသက်ဆိုင်ပါကြောင်း၊ ကုမ္ပဏီမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ထို့ကြောင့် လူကြီးမင်းသည် ကုမ္ပဏီနှင့်ပတ်သက်၍ ဌာနဆိုင်ရာများတွင် ကုမ္ပဏီကိုယ်စား မည်သည့်ဆောင်ရွက်မှုမျှ လုပ်ဆောင်ခြင်းမပြုရန်နှင့် ကုမ္ပဏီနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ တံဆိပ်တုံးများကို ယနေ့မှစပြီး ခုနစ်ရက်အတွင်း ဦးမောင်မောင်တင်ထံ လာရောက်အပ်နှံပါရန် ပြင်းထန်စွာ သတိပေးကြေညာအပ်ပါသည်။ ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ အရေးယူတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဖေ (ဇလွန်) အထက်တန်းရှေ့နေ (စဉ်-၅၈၉၄)
အမှတ်(၁၇)၊ဒုတိယထပ်(ယာ)၊၅၄လမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၂၀၀၇၁၂၊ ၀၉-၅၁၂၁၆၆၇

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၄၁၉၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ဖခင်အမည်မှန်**

ရန်ကင်းမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ န၀မတန်း (G)တွင် ပညာသင်ကြားနေသော မောင်ထက်ခိုင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးကျော်လှ ဖြစ်ပါကြောင်း။

ဦးကျော်လှ ၅/ဒပယ(နိုင်) ၀၆၀၉၁၂

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁-တိုးချဲ့)၊ မြေကွက်အမှတ်(၄၁၆)၊ အကျယ်အဝန်းပေ(၄၀×၆၀)ကို အမည်ပေါက်ပိုင်ဆိုင်သူကိုယ်စား လက်ဝယ်ပိုင်ဆိုင်သူ ဦးအိုက်ယုံ ၁၃/လရန(နိုင်)၁၅၄၂၄၅ထံမှ ဦးဉာဏ်ဝင်း ၁၂/ရကန(နိုင်)၀၂၁၁၁၄က ၂၂-၁-၂၀၁၃ရက်တွင် အပြီးအပိုင်ဝယ်ယူထားပြီး ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ ဦးဉာဏ်ဝင်း

ဖုန်း-၀၉-၅၀၈၅၃၃၆၊၀၉-၄၃၀၃၈၉၂၆

**အင်းစိန်မြို့နယ်၊ အောင်ဆန်း(ရွာသစ်အနောက်-၂)ရပ်ကွက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ်(၈၁)၊ နှစ်ထပ်အိမ်ကို ကန်ထရိုက်ဆောက်လုပ်ရန် စီစဉ်နေခြင်းအား ကန့်ကွက်ကြောင်းကြေညာချက်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း(ရွာသစ်အနောက်-၂)ရပ်ကွက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ်(၈၁)ရှိ နှစ်ထပ်အိမ်သည်မူလက ဦးကျော်ခင်-ဒေါ်စိန်တို့ ပိုင်ဆိုင်သောမြေနှင့်အိမ်ဖြစ်ပါသည်။၄င်းတို့မှာ ကွယ်လွန်သွားကြပြီဖြစ်၍ ယခုအခါ ယင်းမြေနေအိမ်သည် ဦးကျော်ခင်-ဒေါ်စိန်မှ ဆင်းသက်မွေးဖွားခဲ့ကြသည့် သား၊ သမီး၊ ဒေါ်တင်တင်ဝင်း၊ ဦးမြင့်ဆွေ၊ (ဒေါ်ငွေငွေမြင့်၊ဒေါ်ကြည်ကြည်မြင့်၊ဒေါ်ချို၊ဦးကျော်မိုးမြင့်-ကွယ်လွန်သူ ဒေါ်ညိုအိ၏ သားသမီးများ) (ဒေါ်သီသီမာ၊ ဒေါ်မြင့်မြင့်ရီ၊ ဦးနိုင်မော်-ကွယ်လွန်သူ ဒေါ်အုန်းမြင့်၏ သားသမီးများ)မှ အမွေဆိုင်ရာအခွင့်အရေးနှင့် ခံစားခွင့်ရှိသော မြေ၊ နေအိမ်ဖြစ်သဖြင့် အမွေနှင့်အကျုံးဝင်သက်ဆိုင်သူများတို့ကို ချန်လှပ်ပြီး ၄င်းအိမ်ကို ဒေါ်တင်တင်ငြိမ်းက ကန်ထရိုက်ဆောက်လုပ်ရန်စီစဉ်နေကြောင်း သိရပါသည်။ ယင်းသို့စီစဉ်နေခြင်းမှာတရားဝင် ဆောက်လုပ်နေခြင်းမဟုတ်၍ ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ငွေငွေမြင့် ၁၄/ညတန(နိုင်) ၀၁၈၀၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေမြခိုင်(စဉ်-၉၄၂၃)
LL.B., D.B.L တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၁၀၄၀၁၂၆

**အမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ အမှတ်(၁၃/၁)နေ ဒေါ်မစိန် ၁၀/မလမ(နိုင်)၁၅၉၀၂၁သည် သား မောင်ကျော်ဇင်ဦး ၁၀/ မလမ(နိုင်)၁၇၇၀၂၃အား ၁၀-၁၁-၂၀၀၅ရက်တွင် နေ့စဉ်ထုတ်သတင်းစာများတွင် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခဲ့ပါသည်။

ယခုအခါ သား မောင်ကျော်ဇင်ဦးမှ မိမိ၏အပြစ်များကို လူကြီးများစုံရာတွင် ဝန်ချတောင်းပန်ပြီးဖြစ်ပါသဖြင့် သား မောင်ကျော်ဇင်ဦးအား သားအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်းကို ယနေ့မှစပြီး ပြန်လည်ရုပ်သိမ်းပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc,Hon(IC),HGP,R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၈**

သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၇ ရက်အထိ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျောက်မျက်ရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီလိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာ ကုမ္ပဏီမှတ်ပုံတင် ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသား ရတနာကုန်သည်များသည် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသား ရတနာကုန်သည်များသည် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေးမြို့)၌ ဖွင့်လှစ်ထားသော စီမံရေးရာ လုပ်ငန်းကော်မတီရုံးခွဲ၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ် (နေပြည်တော်)၌ ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံး၌လည်းကောင်း ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတ္တုတွင်းဝန်ကြီးဌာနWebsite www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့် ပုံစံများကို Download ရယူနိုင်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm, Online Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး) နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များ၌ အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေလျှံမှုများဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ဩဂုတ် ၂၆ ရက် ည ၁၀ နာရီခန့်မှ ဩဂုတ် ၂၇ ရက်နံနက် ၃ နာရီအထိ(မိုးရေချိန် ၄ လက်မခန့်)မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ဘိုနတ်ရိုးချောင်း(ပုဇွန်ဆိတ်ချောင်း)၊ ကြိုးကြာချောင်း၊ သိမ်ချောင်းနှင့် ကွင်းကြီးချောင်းများ ရေလျှံမှုဖြစ်ပွားခဲ့သည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် ဘိုနတ်ရိုးချောင်း(ပုဇွန်ဆိတ်ချောင်း)နှင့် ကြိုးကြာချောင်းမှ ရေများ ဆင်သေလက်ယာမြောင်းအတွင်းသို့ ဝင်ရောက်ခြင်းနှင့် သိမ်ချောင်းရေလျှံမှုကြောင့် ဥယျာဉ်ကျေးရွာအုပ်စု ဆည်ရေထိန်းတံခါးနေရာတွင် သစ်ပင်/သစ်ကိုင်း၊ အမှိုက်များပိတ်ဆို့ခြင်းကြောင့် ရေများဘေးသို့လျှံ၍ လယ်ယာမြေများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့ရာ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ကျေးရွာပြည်သူ ၅၀ ခန့်နှင့် ဆည်/မြောင်းမှ စက်ယန္တရားများဖြင့် အမှိုက်များဖယ်ရှားခြင်းကို ဆောင်ရွက်ခဲ့ရာ **(အပေါ်ပုံ)** ဩဂုတ်၂၇ ရက် ညနေ ၃ နာရီတွင် ရေများပြန်လည်ကျဆင်းသွားခဲ့ကြောင်းသိရသည်။





အဆိုပါ ချောင်းများရေလျှံမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လယ်မြေများ ထိခိုက်သေကျေပျက်စီးမှုမရှိကြောင်း၊ ယခု ရေကြီးရေလျှံမှုဖြစ်ပွားရခြင်းသည် ဆင်သေဆည်ကျိုးပျက်ခြင်းကြောင့် မဟုတ်ဘဲ မိုးသည်းထန်စွာရွာသွန်းသဖြင့် ချောင်းလေးချောင်းရေလျှံပြီး ဆင်သေလက်ယာ ရေပေးမြောင်း၏ လက်တံမြောင်းခွဲမှ အချို့နေရာများ ကျိုးပျက်ခြင်းကြောင့် **(ဝဲပုံ)**ရေများဝင်ရောက်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် ပျက်စီးသွားခဲ့သော ရေပေးမြောင်းများကို ဆည်မြောင်းဦးစီးဌာနက စက်အား၊ လူအားဖြင့် အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မူကြိုအရွယ်ကလေးများအား ဗီတာမင်ဆေးနှင့် အာဟာရတိုက်ကျွေး

**ပဲခူး ဩဂုတ် ၂၈**

ပဲခူးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက မူလတန်းလွန်ကျောင်းများ၌ ရှေးဦးကလေးသူငယ် ပြုစုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ မူကြိုအရွယ်ကလေးများအား ကာယ၊ ဉာဏနှင့် အာဟာရပြည့်ဝစေရေးအတွက် တစ်ပတ်လျှင် နှစ်ရက် နို့တိုက်ကျွေးလျက်ရှိရာ ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီ ဦးဆောင်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများမှ မူကြိုကလေး ၁၅၀ ကို အာဟာရဖြည့်စွက်စာအနေဖြင့် နို့တိုက်ကျွေးခဲ့သည်။ ရင်သွေးငယ်များ ကာယ၊ ဉာဏနှင့် ဘက်စုံအာဟာရဖွံ့ဖြိုးရေးအတွက် ကျောင်းကျန်းမာရေးဌာန တာဝန်ခံဆရာဝန်နှင့် အဖွဲ့ကလည်း ဗီတာမင်အေဆေးလုံးများကို မူကြိုအရွယ်ကလေးများအား ဆက်လက်တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်း ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်ရှိ စမ်းရေခုံတံတားနှင့် အလယ်ချောင်းတံတားများ တည်ဆောက်ရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| (က) | ကျောက်စရစ် | ၂၅၀ ကျင်း | စမ်းရေခုံတံတား |
| (ခ) | ကျောက်စရစ် | ၂၅၀ ကျင်း | အလယ်ချောင်းတံတား |
| (ဂ) | သဲ | ၁၅၀ ကျင်း | စမ်းရေခုံတံတား |
| (ဃ) | သဲ | ၁၅၀ ကျင်း | အလယ်ချောင်းတံတား |

**တင်ဒါလျှောက်လွှာပိတ်ရက်၊အချိန်** - ၈-၉-၂၀၁၄ရက် ၁၆း၀၀နာရီ

**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊အချိန်** - ၉-၉-၂၀၁၄ရက် ၀၉း၃၀နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၃၁-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးစီမံကိန်းကြီး အဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊**
**ဖုန်း-၀၉-၈၃၀၄၅၉၃**



## CLAIMS DAY NOTICE
**M.V MARINE RELIANCE VOY:NO(3)**

Consignees of cargo carried by M.V MARINE RELIANCE VOY: NO. (3) are here by notified that the vessel will arrive on about 31-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

**မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို** ORIGINAL BILLS OF LADING **များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။**

**သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်- ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



PUBLIC NOTICE

NOTICE IS HEREBY GIVEN that my client, AN & BROTHERS COMPANY LIMITED, No. 18, G/F, Tha Pyay Nyo Street, Shin Saw Pu Quarters, Sanchaung Township,Yangon a Company incorporated under the Laws of the Union of Myanmar, Registration No: 36FC of 2014-2015 carrying on Food and Beverages business is the sole owner of following Trade Marks for Food and Beverages in any place, on behalf of the Company in Myanmar hereafter.

BROWN
(Reg:No.4/9932/2014)

Trees Bees
(Reg:No.4/9933/2014)

Use or re-use of the above mentioned Trade Marks, other than that of my client AN & BROTHERS COMPANY LIMITED is hereby prohibited.
WARNING is hereby given that any person failing to comply with this notice shall be dealt with according to law.

U Min Sein, B.Sc., R.A., C.P.A., R. L.
Advocate OF AN & BROTHERS CO. LTD
#07, Pansodan Office Tower
No. 189-193, Pansodan,
Kyauktada Township
Yangon



## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ ဈ/ရပ်ကွက်၊ စက္ကဝတ်(၄)လမ်းနေ ဦးသန်းဆွေ-ဒေါ်တင်ဥတို့၏သမီး မဇင်ဇင်အောင် ၁၂/ဥကမ(နိုင်)၁၇၉၃၇၉ သည် မိဘများအား နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲအောင်ပြုလုပ်သည်ဖြစ်သည့်အပြင် မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးသန်းဆွေ PGU-၀၆၇၁၉၆**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၇၀၉)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၉ ပေ×အနံ ၃၁ ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ သုံးထပ်ခွဲတိုက်အိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဆွေလှဲ ၁၂/အစန(နိုင်)၀၆၀၂၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုစာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲဝင်း** LL.B, D.B.L **အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဇမ္ဗူသီရိမြို့နယ်တွင် ကိုရီးယားနိုင်ငံ (KOICA) အဖွဲ့အကူအညီဖြင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်မည်

အမေး၊အရေး-မင်းမင်းလတ် (မန်းတက္ကသိုလ်)
ဓာတ်ပုံ-ထွန်းထွန်းဝင်း(ပျဉ်းမနား)

နေပြည်တော် ဩဂုတ် ၂၈

**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ကိုရီးယားနိုင်ငံ (KOICA)၏ အကူအညီဖြင့် တောင်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေးတို့အတွက် အဆင့်မြင့်လယ်ယာဖော်ထုတ်ပေးမည့် အခမ်းအနားကျင်းပရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့မှသွားရောက်ပြီး KOICA Project မှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများကို စေ့ငုမေးမြန်းခဲ့သည်။**

**ဦးမျိုးညွန့်(နေပြည်တော်ကောင်စီဝင်)**
**ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ**



ယခုလို ကိုရီးယားနိုင်ငံ KOICA အဖွဲ့က မြန်မာပြည်ကို လာရောက်ပြီး အဆင့်မြင့်လယ်ယာ ဖော်ထုတ်ပေးတဲ့အတွက် တောင်သူတွေရဲ့ကိုယ်စား တောင်သူတွေနဲ့အတူ ထပ်တူထပ်မျှ ဝမ်းသာမိပါတယ်။ ဒါ့အပြင် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းရဲ့ အဓိကအားသာချက်က ယခင်စိုက်ပျိုးရေးမှာ နှစ်သီးစားသာ စိုက်ပျိုးခွင့်ရရှိရာမှ သုံးသီးစားစိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းပေါများ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေမှာ ဖြစ်ပါတယ်။

**Mr : Lee Jeong Chol**
**(KOICA) Projcet Manager**

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအားထားတဲ့ နိုင်ငံဖြစ်၍ တောင်သူတွေ လူနေမှုဘဝမြင့်မားစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံအစိုးရနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စီမံကိန်းကာလမှာ လေးလဖြစ်ပြီး စီမံကိန်းပြီးစီးသွားတဲ့အထိ



တာဝန်ယူ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးနိုင်ဝင်း (ညွှန်ကြားရေးမှူး)**
**စက်မှုလယ်ယာဦးစီးဌာန**

အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းရဲ့ အဓိကလုပ်ငန်းတွေမှာ ရေသွင်း၊ ရေထုတ်မြောင်းတွေထည့်သွင်းပေးသွားမှာဖြစ်၍ ကုန်ထုတ်လမ်းတွေ ထည့်သွင်းဖောက်လုပ်ပေး



သွားမှာဖြစ်ပြီး မြေပြင်မညီညာတဲ့ ကုန်းမြင့်မြေတွေကို ညှိပေးသွားမှာဖြစ်ပါတယ်။ Top Soil တွေကို မူလလယ်မြေမှာ ပြန်လည်အသုံးပြုပေးသွားမှာဖြစ်ပါတယ်။ ယခုလို အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပေးတဲ့အတွက် လယ်ယာထွက်ကုန်အရေအတွက်နဲ့ အရည်အသွေး ကောင်းမွန်လာမည်ဖြစ်ပြီး တောင်သူတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**ဦးစိုးထွန်းအောင်**
**(လ/ထညွှန်ကြားရေးမှူး)**
**ဆည်မြောင်းဦးစီးဌာန**

ကိုရီးယားနည်းပညာကို အသုံးပြု



ကာ ဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အဆင့်မြင့်လယ်ယာ ဖော်ထုတ်မှာဖြစ်၍ ဒေသခံတောင်သူတွေ ညီညွတ်ဖို့လိုအပ်ပါတယ်။ လယ်ယာမြေလုပ်ငန်းခွင်မှာ လယ်ဧကပိုင်ရှင်တွေကိုယ်တိုင် သွားရောက်ပြီး လိုအပ်တာတွေ မိမိစိတ်တိုင်းကျ အကြံပြုပေးနိုင်ပါတယ်။

**ဦးမြင့်စိုး(လယ်စိုက်တောင်သူ)**
**တဲကြီးကုန်းကျေးရွာ**

လယ်ဧက ၄ ဒသမ ၈၉ ဧကရှိပါတယ်။ သမားရိုးကျစိုက်ပျိုးနည်းထက် ယခုလို အဆင့်မြင့်လယ်ယာ ဖော်ထုတ်ပြီး ရေသွင်း၊ ရေထုတ်မြောင်းများ ထည့်သွင်းသွယ်တန်းဖောက်လုပ် ပေးထားတာကြောင့် စံကွက်အတွင်း ရေတိုက်ရိုက်ရရှိမှာဖြစ်တဲ့အတွက် အချိန်မရွေးစိုက်ပျိုးနိုင်ပြီး ယခင်က နှစ်သီးစားသာစိုက်ပျိုးခွင့်ရရှိရာမှ စီမံကိန်းပြီးစီးသွားရင် နွေ၊ မိုး၊ ဆောင်း သုံးရာသီ



စလုံး စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိပြီး တောင်သူတွေ ဆင်းရဲနွမ်းပါးမှု လျော့နည်းလာမှာ ဖြစ်ပါတယ်။

**ဒေါ်ကျင်စိန် (တောင်သူ)**
**တဲကြီးကုန်းစံကွက်ပိုင်ရှင်**

ယခုလို အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပေးခြင်းဟာ ကုန်ထုတ်လမ်းများပါဝင်တဲ့အတွက် လယ်ယာသုံးစက်ကိရိယာများအနေဖြင့် ကုန်ထုတ်လမ်းမှ လယ်ယာမြေကွက်ထဲသို့ တိုက်ရိုက်ဝင်ရောက်၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများ ပြုလုပ်ရာ ကြန့်ကြာမှုမရှိဘဲ အဆင်ပြေလွယ်ကူလို့ လုပ်ငန်းတွင်ကျယ်မှာ ဖြစ်ပါတယ်။

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ယမန်နှစ်က အောင်ဇမ္ဗူ အလျင်လို၊ တဲကြီးကုန်း စသည့်ကျေးရွာများမှ တောင်သူ ၃၁၃ ဦး၏ လယ်မြေဧက ၈၃၅ ဧကကို အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးခဲ့ပြီး ယခုတဲကြီးကုန်း



ကျေးရွာမှ ကျန်ရှိသော တောင်သူ ၈၉ ဦး၏ လယ်မြေ ၂၁၅ ဧကကို ကိုရီးယားနိုင်ငံ KOICA Project မှ စီမံကိန်းမန်နေဂျာ Lee Jeong Chol နှင့် တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများပြီး လယ်ယာထွက်ကုန်များ တိုးမြင့်ကာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ လူနေမှုအဆင့်မြင့်မားလာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ဖျာပုံခရိုင်အတွင်း သီးနှံဖျက် ခရုကျရောက်နေမှု စုပေါင်းကာကွယ်နှိမ်နင်း

ဖျာပုံ ဩဂုတ် ၂၈

ဖျာပုံခရိုင်အတွင်း ရွှေခရုကျရောက်နေသည့် ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြူကြူဆွေတင်နှင့် ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများ၊ စိုက်ပျိုးရေးကွင်း ဝန်ထမ်းများသည် ဇူလိုင် ၄ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ဖျာပုံမြို့နယ်တွင် ကျေးရွာခြောက်ရွာ၊ ကျိုက်လတ်မြို့နယ်တွင် ကျေးရွာခြောက်ရွာနှင့် ဒေးဒရဲမြို့နယ်တွင် ကျေးရွာငါးရွာသို့ ကွင်းဆင်းသွားရောက်ကြပြီး ဒေသခံတောင်သူများ၊ ပြည်သူများနှင့်ပူးပေါင်းပြီး ရွှေခရုကျရောက်မှုကို စုပေါင်းကာကွယ်နှိမ်နင်းခြင်းများနှင့် ပညာပေးဆွေးနွေးမှုများ ကျင်းပကြသည်။

ယင်းရွှေခရုသည် မူရင်းဒေသတောင်အမေရိကမှ ထိုင်ဝမ်သို့ ပင်လယ်စာအဖြစ် ရောက်ရှိရာမှ ပျံ့နှံ့လာခြင်းဖြစ်ရာ ဒေသခံမွေးမြူရေးသမားများက ဘဲစာအဖြစ်အသုံးပြုခြင်း၊ ကြွက်များက စားသောက်ခြင်းများရှိရာ ရွှေခရုအကောင်ရေ တိုးပွားလာပါက စပါးပင်ငယ်များကို ဖျက်ဆီးနိုင်သဖြင့် သုံးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများကဦးဆောင်၍ ကွင်းဆင်းပညာပေး ဆွေးနွေးလျက်ရှိကြသည်။

အဆိုပါ ရွှေအိုရောင်အဆင်းရှိ ရွှေခရုမှာတစ်ကောင်လျှင် အလေးချိန် ၁၀ ကျပ်သားခန့်ရှိပြီး အချင်းနှစ်လက်မခွဲမှ သုံးလက်မထိရှိရာ ချုံပင်၊ ပေါင်းပင်များတွင် တွယ်ကပ်နေသော ခရုဥတွဲများကို သုံးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများနှင့်တောင်သူများက လယ်ယာမြေများတွင် စုပေါင်းကောက်ယူ၍ ဖျက်ဆီးလျက်ရှိကြပြီး ထို့ပြင် သီးနှံဖျက်ရွှေခရုများကို စဉ်ဆက်မပြတ် စုပေါင်းနှိမ်နင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။ (ဝ၆၅)


## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈ခ-၃၀)၊ ဦးပိုင်အမှတ်(၄၃)၊ ၅၁×၅၂၊ အေးသုခ×ရတနာလမ်းကြားရှိ ဦးကံချွန်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးလှတင့် ၉/မနမ(နိုင်)၀၁၃၉၆၁မှ မြေနေရာ ပြောင်းရွှေ့ချထားကြောင်း ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၉-၁၇)၊ ဦးပိုင်အမှတ်(၆၉)၊ ၄၈×၄၉လမ်း၊ ငကျွဲလမ်း×ခိုင်ရွှေဝါလမ်းကြားရှိ တပ်သားစံလွင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစိုင်းအောင်ရွှေ ၉/ခအဇ(နိုင်)၀၁၃၀၆၆မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ (အခွန်)ပေးဆောင်ရွက်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်အမှတ်(၅၂)၊ မင်းကြီးရန်နောင်လမ်း×မင်းရဲကျော်စွာ၊ ၄၉×၅၀လမ်းကြားရှိ ဒေါ်ခင်သိန်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးချစ်ဖေ ၉/မရမ(နိုင်)၀၃၃၃၃၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရွက်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၈**

ကွယ်လွန်သူ ဒေါ်မြင့်မြင့်မေစုဆောင်းထားရှိသော ငွေများအကြောင်း။
ဒေါ်မိမိခင်
အကွက်(၈၄၃)၊ ချမ်းမြသာစည်မြောက်ရပ်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်၊ အကွက်(၈၄၃)ရပ်နေ ဒေါ်မိမိခင်က ကွယ်လွန်သူ ဒေါ်မြင့်မြင့်မေ၏ သမီးဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ကမ္ဘောဇဘဏ်တွင် စုဆောင်းထားရှိသော စုဆောင်းငွေများကို ကောက်ခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာကို ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မြင့်မြင့်မေမှာ ကျန်ရစ်သော စုဆောင်းငွေများအပေါ်၌ ရရန်ရှိသူ လူသူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်မိမိခင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ် ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့နယ်ခွဲ၊ အိုရင်းကျေးရွာ၊ အထက ငါ့သရောက်၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးတင်သောင်း ၉/ညဥန(နိုင်)၀၄၀၁၅၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့နယ်ခွဲ၊ အိုရင်းကျေးရွာ၊ အထက ငါ့သရောက်၊ တက္ကသိုလ်ဝင်တန်းမှ မတင်မိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၉/သေရ(နိုင်)၀၀၄၀၄၉ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၁၇၉၂၀ Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းသူ ၈/မမန(နိုင်)၁၉၈၄၂၀က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၂၀၈/ခ၊ မြေကွက်တည်နေရာအမှတ် ၂၀၈/ခ၊ ၂၉ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်နှင်းဝေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နှင်းဝေနှင့် ဒေါ်အေးအေးဝင်းတို့ကို (တရားလို) ဒေါ်သင်းသင်းစိုးမှ စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားမရုံး တရားမကြီးမှုအမှတ် ၇၆/၁၄၏ စီရင်ချက်နှင့် ဓာရီမှုအမှတ် ၅၁/၁၄၏အမိန့် ဘိလစ်ခန့်စာ ၂၃-၇-၂၀၁၄ရက်စွဲပါတို့ကိုတင်ပြ၍ တရားရုံး (ကိုယ်စား) ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၃၃၊ မြေကွက်တည်နေရာ ၄၃၃၊ စကားဝါလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင့်နွယ် အေအေ-၀၈၁၁၈၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင့်နွယ် (ဖခင်)၊ ဒေါ်စိန်တင့်(မိခင်)တို့ကွယ်လွန်သဖြင့် (၁) ဦးကျော်ထင်အောင် ၁၂/လကန(နိုင်)၁၀၂၁၅၅၊ (၂) ဒေါ်နီနီလွင် ၁၂/စခန(နိုင်)၀၁၁၂၉၈၊ (၃) ဒေါ်သင်းသင်းနွယ် ၁၂/စခန(နိုင်)၀၁၁၂၇၉ သားသမီးတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၄၉(၁၀-၃-၁၁)ဖြင့်ရသူ ဦးသိန်းထိုက်မှ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ၏ ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာရွေ့လျားသင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား တတိယအဆင့် (Third Wave) အဖြစ် အရှိန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ခဲ့သည့် Delivery Unit များ၏ ဖော်ထုတ်တွေ့ရှိချက်များအရ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများတွင် စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်း (Mobile Vocational Training Unit) များ ဖွဲ့စည်းထားရှိကာ ကျေးလက်ဒေသအရောက် စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း (MobileVocational Training) များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းကူညီဆောင်ရွက်မှုများဖြင့် စက်မှုညွှန်ကြားရေးဦးစီးဌာနက ဖွင့်လှစ်သော အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၏ ကျေးလက်ဒေသအရောက် စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း (MobileVocational Training) အမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ဒေသ၊ ဆည်တည်း-ဇီးတောရွာသစ် အောင်မြေမြင်သာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က ယခုသင်တန်းဖွင့်လှစ်ရခြင်းသည် ဆည်တည်း-ဇီးတောရွာသစ်အပါအဝင်ဖြစ်သည့် လက်ပံတောင်းတောင် ပတ်ဝန်းကျင်ဒေသရပ်ရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းဒေသရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီ၏ကြီးကြပ်လမ်းညွှန်မှုဖြင့် ယင်းကော်မတီ၏လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ ယင်းလူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အနေဖြင့် ဆည်တည်း-ဇီးတောရွာသစ်နှင့် ဝက်မွေး-ကံတောကျေးရွာသစ်တို့ကို တည်ဆောက်ပေးခဲ့ပြီး လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူနေအိမ်များအဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးသကဲ့သို့ ပတ်ဝန်းကျင်ကျေးရွာများတွင်လည်း လျှပ်စစ်မီးရရှိရေး၊ လမ်းနှင့်ရေမြောင်းများ တည်ဆောက်ဖောက်လုပ်ပေးခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကစားကွင်းများတည်ဆောက်ပြုပြင်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ဆားလင်းကြီးမြို့နယ် ကံကုန်းတိုက်နယ်ဆေးရုံသစ်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ပတ်ဝန်းကျင်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ စာသင်ကျောင်းများအနေဖြင့်လည်း အထက(ခွဲ) ကံကုန်းကို အထကအဖြစ် လည်းကောင်း၊ အလကဖောင်းကတာကို အထက(ခွဲ) အဖြစ်လည်းကောင်း၊ အလက(ခွဲ)တုံ့ရွာကို အလကအဖြစ်လည်းကောင်း တိုးမြှင့်ပေးနိုင်ခဲ့ပြီး အမက(အောင်ချမ်းစီ)နှင့်အမက(ဖောင်းကတာ)တို့ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများ အထောက်အကူပြုရေးအတွက်လည်း အထည်ချုပ်သင်တန်းတစ်ကြိမ်၊ အခြေခံအိမ်တွင်းမှု သင်တန်းနှစ်ကြိမ်၊ အဆင့်မြင့်စက်ချုပ်သင်တန်းတစ်ကြိမ်၊ ကွန်ပျူတာသင်တန်းနှစ်ကြိမ်နှင့်စက်ကြီးမောင်းသင်တန်းတစ်ကြိမ်တို့ကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၌ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့မှ ဒေသခံဝန်ထမ်း ၁၃၄၆ ဦး ခန့်ထားပြီးဖြစ်ကြောင်း။

စီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာကြမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်း ရည်ရွယ်ချက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် ကျေးလက်ဒေသအရောက် စက်မှုနှင့်သက်မွေးပညာရပ် ရက်တိုသင်တန်းများသင်ကြားပို့ချပေးနိုင်ရန်ဖြစ်ကြောင်း၊ သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက ဒေသနှင့်ကိုက်ညီသည့် စက်မှုပညာရပ်များကို လုံလောက်သည့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးမည်ဖြစ်၍ ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး သင်ကြားပို့ချရန် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်း အမှတ်စဉ် (၃) သင်တန်းတွင် ဒေသနှင့်ကိုက်ညီသည့် သံဂဟေဆက်ပညာရပ်နှင့်စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း ပညာရပ်တို့ကို စာတွေ့ ၂၀ရာခိုင်နှုန်း၊ လက်တွေ့ ၈၀ရာခိုင်နှုန်းဖြင့် ၁၄ ရက်ကြာ အမှတ် (၂)စက်မှုသင်တန်းကျောင်း (မန္တလေး)မှ အတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြဆရာများက သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ လက်ပံတောင်းတောင်ဒေသအတွင်းရှိ ကျောက်ဖြူတိုင်၊ ဖောင်းကတာ(တောင်/မြောက်)၊ ဆည်တည်းရွာသစ်၊ ရွာသာ၊ တုံ့ရွာမ၊ ဝက်မွေးရွာ၊ ကန်တောရွာ၊ အောင်ချမ်းစီ၊ တောင်ပလူ၊ ကျော်ရွာ၊ တောကျောင်းကျေးရွာများမှ အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့်ဘွဲ့ရအသက် ၁၅ နှစ်မှ ၃၇ နှစ်အရွယ် လူငယ်စုစုပေါင်း ၅၆ ဦးတို့က သံဂဟေဆက်ပညာသင်တန်း၌ အမျိုးသား၂၄ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၆ ဦး၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း ပညာသင်တန်း၌ အမျိုးသား၂၆ ဦး၊ အမျိုးသမီး လေးဦး ပေါင်း ၃၀ တို့ တက်ရောက်သင်ကြားလျက်ရှိသည်။

**(သတင်းစဉ်)**



## အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပို့ချချက်များ ထပ်ဆင့်ရှင်းလင်း

**မြစ်ကြီးနား ဩဂုတ် ၂၈**

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပို့ချချက်များကို ဩဂုတ် ၂၆ ရက် နံနက်က ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က ပြည်နယ်ရုံးဝန်ထမ်းများ၊ ခရိုင်ရုံး လေးခုမှ ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဒုတိယတာဝန်ခံများကို ထပ်ဆင့်ရှင်းလင်းသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တတိယအဆင့်အရှိန်မြှင့်တင်မှုတွင် အုပ်ချုပ်ရေးယန္တရားများ တိုးတက်ကောင်းမွန်အောင်ပြုပြင်ရေးနှင့် ဦးစီးဌာန၏ လုပ်ငန်းလိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ၊ ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရာတွင် ဝန်ထမ်းများ၏ တာဝန်ယူမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပြင် ပြည်သူ၏ဆန္ဒကိုရယူကာ ယခုထက် လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးများက Third Wave လုပ်ငန်းစဉ်များတွင် ဦးစီးဌာန၏ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်ဦးစီးမှူးက ပြန်လည် ရှင်းလင်းဖြေကြားသည်။ **(အပေါ်ပုံ)**

**(ပြည်နယ် ပြန်/ဆက်)**

## ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို စလင်းမြို့နယ်ရှိ ကျေးရွာများတွင် လူနေအိမ်များပြောင်းရွှေ့

**မင်းဘူး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကမ်းပါးများပြိုခဲ့သဖြင့် စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာရှိ လူနေအိမ်လေးလုံးကို ဆင်မကျွန်းကျေးရွာအုပ်စုသို့လည်းကောင်း၊ ငွေသောင်ကျေးရွာရှိ လူနေအိမ်နှစ်လုံးကို ပျိုးခင်းကျေးရွာအုပ်စုသို့ လည်းကောင်း၊ တလင်းကြီးကုန်းကျေးရွာရှိ လူနေအိမ်သုံးလုံးကို တလင်းကြီးကုန်းကျေးရွာအုပ်စုအတွင်းသို့လည်းကောင်း၊ ကျောက်ရဲကျွန်းကျေးရွာရှိ လူနေအိမ်ကိုးလုံးကို ကျောက်ရဲကျွန်းကျေးရွာအုပ်စုအတွင်းသို့ လည်းကောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ရွာသူ ရွာသားများ ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

## နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှုများ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ၏ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝင်းနှင့် မြို့နယ်ရှိ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးသန်းဝင်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် (Third Wave) လုပ်ငန်းစဉ်များအပေါ် တာဝန်သိမှု၊တာဝန်ရှိမှု၊ တာဝန်ခံ၊ တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ဘော်ဂါသွေး**


### မွေးသက္ကရာဇ်အမှန်
ဦးမြင့်ဦး၏သမီး၊ ကျိုင်းထုံမြို့၊ အထက(၅)၊ ပဥ္စမတန်း(A)မှ မရွှန်းလဲ့ရည်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၇-၂၀၀၄ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်
မန်စီမြို့၊ မန်စီအထက ဆဋ္ဌမတန်း(A)မှ မစန်းစန်းဝင်း၏မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းညို ၁/မစန(နိုင်)၀၂၁၃၄၃ နှင့် ဒေါ်မြစိန် ၁/မစန(နိုင်)၀၂၇၉၄၁ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၁၂၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ ဥဇ္ဇနာ ၁၁ လမ်း ဒေါ်သန်းဦး ၁၂/ဥကမ(နိုင်)၁၃၁၇၂၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းဦးက ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၃၂၅)၊ မြေကွက်တည်နေရာအမှတ်(၃၂၅)၊ ပုဂံလမ်း ဦးစံထွန်း ၁၂/ဒဂန(နိုင်)၀၀၂၄၉၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစံထွန်းကွယ်လွန်သဖြင့် ဒေါ်တူး ၁၂/ဒဂန(နိုင်)၀၀၂၄၉၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၇C/၃၅၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖခင်အမည်မှန်
၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ အထက(တာချီလိတ်)စာစစ်ဌာန၊ တက္ကသိုလ်ဝင်တန်းအောင်မှ နန်းဟောင်ခမ်း ၁၃/တခလ(နိုင်)၀၆၈၀၇၃ ၏ဖခင်အမည်မှန်မှာ ဦးအိုက်ဥ ၁၃/တခလ(နိုင်)၀၀၉၀၃၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မထက်ထက်အေး၏ ဖခင်အမည်မှန်မှာ ဦးအေး ၅/ယမပ(နိုင်)၀၁၀၄၀၅ ဖြစ်ပါသည်။
**ဦးအေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ မော်နိုင်းအုပ်စု၊ မှန်ကန်ရွာနေ မမေဝင်းသူ၊ မမေလင်းမူ၊ မမေဇာမင်း နဝမတန်းတို့၏ဖခင် ဦးကိုကိုကြီးနှင့် ဦးကိုကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကိုကိုကြီး(ခ)ဦးကိုကြီး ၅/ဝသန(နိုင်) ၀၁၁၄၄၀**

### မွေးသက္ကရာဇ်အမှန်
ရသေ့တောင်မြို့နယ်၊ ကုန်တန်းဈေးကျေးရွာနေ ဦးကျော်သာလှ၏သမီး မခင်မြတ်နွယ် ၁၁/ရသတ(နိုင်)၀၆၇၀၈၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၃-၁၉၈၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မချောမြို့ခိုင်၏ဖခင်အမည်မှန်မှာ ဦးဆွေဝင်း ၅/ယမပ(နိုင်)၀၁၀၃၄၇ ဖြစ်ပါသည်။
**ဦးဆွေဝင်း**

### ကန့်ကွက်နိုင်ပါကြောင်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၄၃၊ မြေကွက်တည်နေရာအမှတ် ၆၅၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကိုလွန်းမောင်နှင့် မလှရင်အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ် ၁၃၄၅/၁၉၉၂(၁၇-၈-၁၉၉၂)ဖြင့် ဦးလွန်းမောင်မှ ပိုင်ဆိုင်ခဲ့ပြီး ဦးလွန်းမောင်ထံမှ အပိုင်ပေးစာချုပ် ၂၆၈၆/၁၉၉၂(၇-၁-၁၉၉၃)ဖြင့် ဒေါ်ချိုအေးမှပိုင်ဆိုင်လာပြီး အပိုင်ပေးသည့်ပစ္စည်းစာရင်းတွင် မြေတိုင်းရပ်ကွက်အမှတ် ၁၁ ဂျီဟု မှားယွင်းဖော်ပြခဲ့သည့်အတွက် မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီဟု ပြင်ဆင်ရန်အတွက် အမှားပြင်စာချုပ်ရန် မြေပုံမြေရာဇဝင်ကူးယူခွင့်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၅၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၅၅/ခ)၊ (၁၈)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်လွင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်လွင်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၅၄/၂၀၁၃)ဖြင့် ရရှိသူ ဦးတက်တိုး ၁၂/ဗဟန(နိုင်)၀၈၁၉၉၄က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာ မြေစာရင်းရှိ ၂၀၁၂ခုနှစ် (SP) ရသူ ဒေါ်စုစုမြင့်ကူးယူခဲ့သောမြေပုံမှာ ပျောက်ဆုံးသွားကြောင်း ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄ယ/၃၁၄၆၀ အမျိုးအမည် Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရေ ၈/မမန(နိုင်)၀၀၈၉၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၃၁ယ/၅၂၂၆၉ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရွှေ ၁၃/တခလ(နိုင်)၀၁၆၀၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### မွေးသက္ကရာဇ်အမှန်
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ရန်မျိုးအောင်ကျေးရွာနေ စောသေသာမူး၏သမီး နော်မူးသာဖော ၇/ကကန(နိုင်)၀၆၂၅၃၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၁၉၉၆ ဖြစ်ပါကြောင်း။
**နော်မူးသာဖော ၇/ကကန(နိုင်)၀၆၂၅၃၄**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၁စ/၂၂၉၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၅ဃ/၉၄၆၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

# ချင်းပြည်နယ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ်ဈေးထပ်မံဖွင့်လှစ်မည်

**ဟားခါး ဩဂုတ် ၂၈**

မြန်မာနိုင်ငံဘက်က အိန္ဒိယနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသည့် ချင်းပြည်နယ်ရှိ နယ်စပ်ဒေသကျေးရွာများ၌ ဒေသတွင်းဖွံ့ဖြိုးမှုအားကောင်းလာစေရန်အတွက် နယ်စပ်ဈေးများအဖြစ် ယခုနှစ်အတွင်း ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယနှင့် ထိစပ်နေတဲ့ကျေးရွာတွေမှာ ဖွင့်သွားဖို့ရှိတယ်။ ဟိုဘက်ဒီဘက်ဒေသထွက် ကုန်ပစ္စည်းတွေ ဖလှယ်သွားမှာပါ။ အခွန်ကောက်ဖို့မဟုတ်ဘဲ နယ်စပ်ဒေသဖွံ့ဖြိုးဖို့ ရည်ရွယ်တာပါ။ နယ်စပ်မှာရှိတဲ့ ဒေသခံတွေကဆင်းရဲကြပါတယ်။ တောင်ပေါ်ဒေသတွေလည်းဖြစ်တော့ လမ်းပန်းဆက်သွယ်ရေးလည်း အတော်ခက်ခဲတယ်။ ဒေသခံတွေရဲ့ စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်အောင် နယ်စပ်ဈေးအဖြစ် အရင်ဖွင့်လှစ်လုပ်ကိုင်မယ်။ အဲဒီအခြေအနေကနေ တိုးတက်မှုရှိလာရင် နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သွားဖို့အစီအစဉ်ရှိပါတယ်" ဟု ချင်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က ပြောကြားသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ဈေးများအဖြစ် တီးတိန်တွင် ဖာရ်တာန်ကျေးရွာ၊ တွန်းဇံတွင် ဒါလ်ခိုင်းနှင့် နာလာလ်ကျေးရွာ၊ ကျီခါးတွင် ခင်မန်းနှင့်ဗဟယ်ကျေးရွာ၊ ဖလမ်းတွင် သိန်းလက်ကျေးရွာ၊ ထန်တလန်တွင် ဒါအူလ်နှင့် ပန်ခွာကျေးရွာတို့တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျီခါးမြို့နယ်ခွဲ၊ တွန်းဇံနှင့်ဖလမ်းမြို့နယ်တို့၌ နယ်စပ်ဈေးဖွင့်နိုင်ရန် အိန္ဒိယနိုင်ငံကပင် စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက် နယ်စပ်ဒေသများတွင် မြန်မာငွေနှင့်အိန္ဒိယရူပီးငွေအသုံးပြုနိုင်ပြီး ယခုနယ်စပ်ဈေးများဖွင့်လှစ်နိုင်ရန် ၂၀၁၂ ခုနှစ်ကတည်းကပင် ပြောဆိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

**ချင်းတွင်းသား**



## ရှောင်တခင်စစ်ဆေး

**ဆိပ်ဖြူမြို့နယ်တွင် ဩဂုတ် ၂၆ ရက်က ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ဇံကျော်နှင့် ယာဉ်စီးကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ဆိပ်ဖြူ-ဆော-ပခုက္ကူကားလမ်းတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့စဉ်။** (ယာဉ်စည်းကမ်းနှင့် မညီသည့် မော်တော်ယာဉ် လေးစီး၊ ဆိုင်ကယ် ၁၁ စီးတို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။) **စိုးလင်းနိုင်(iprd)**

# ထားဝယ်မြို့တွင် မြန်မာ-ထိုင်းချစ်ကြည်ရေး ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

**ထားဝယ် ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် နှစ်စဉ် ကျင်းပလျက်ရှိသော ထင်ရှားသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်သော တန်ဆောင်တိုင်၌ ဘုရားများ ဒေသစာရီ မြို့တွင်းလှည့်လည်ပူဇော်ခံခြင်းကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းတွင် ကျင်းပသည်။

တန်ဆောင်မုန်း လပြည့်နေ့၌ ကျင်းပမည့် မြန်မာ-ထိုင်းချစ်ကြည်ရေး ဗုဒ္ဓပူဇနိယ ထားဝယ်တန်ဆောင်တိုင်ပွဲတော်တွင် လိုအပ်သည်များ ပြင်ဆင်မှု ပြုလုပ်နိုင်ရန်အတွက် ဘက်စုံခေါင်းဆောင်မှု သင်တန်းတက်ရောက်ရန် စက်တင်ဘာ ၂ ရက်တွင် ထိုင်းနိုင်ငံ ကန်ချနပူရီမြို့သို့ သင်တန်းသား ၆၀ စေလွှတ်မည်ဖြစ်ကြောင်း၊ သင်တန်းကို ကန်ချနပူရီမြို့ရှိ ဘမ်းစိုဝမ်ဖွန်ဟိုတယ်၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်၍ သင်တန်းတွင် ဆွမ်းလောင်းခြင်းနှင့် စီတန်း လမ်းလျှောက်ခြင်း၊ ဆီမီးထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ အခမ်းအနားပြင်ဆင်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို သင်ကြားသွားမည်ဖြစ်သည်။

"သင်တန်း တက်ရောက်နေစဉ်အတွင်း မြန်မာသံဃာအပါး ၃၀ နှင့် ထိုင်းသံဃာများအပါအဝင် စုစုပေါင်း သံဃာအပါး ၁၀၀၀ က ကန်ချနပူရီမြို့လယ်တွင် ကျင်းပမယ့် ဆွမ်းခြောက် လောင်းလှူပွဲနှင့် သတ်မှတ်ထားတဲ့နေရာမှာ ဆီမီးပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားကို လက်တွေ့လေ့လာခြင်းများ ပြုလုပ်သွားမယ်"ဟု မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော်ထံမှ သိရသည်။

ထားဝယ်မြို့ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၌ သင်တန်းဆင်းသူများသည် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဆင့်ပွားသင်တန်းတွင် သင်တန်းသား ၁၅၀၀ ကို ထပ်မံပို့ချမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၇ နာရီတွင် မြန်မာ-ထိုင်း သံဃာတော်အပါး ၃၀၀၀ သည် အာဇာနည်လမ်းမအတိုင်း ဆွမ်းခြောက်လောင်းလှူခြင်း၊ မွန်းလွဲ ၁ နာရီတွင် သံဃာတော်အပါး ၁၀၀၀ သည် ရွှေတောင်စားစေတီတော်မှ ရွှေဝယ်သီရိအားကစားကွင်းအတွင်းသို့ စီတန်းလမ်းလျှောက် ကြည်ညိုခံခြင်း၊ ညနေ ၄ နာရီခွဲတွင် ရွှေဝယ်သီရိအားကစားကွင်းအတွင်း၌ ဆီမီး ၁၀၀၀၊ မီးပုံးပျံ အလုံး ၅၀၀၀ လွှတ်တင်၍ သာမညဖလ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓမြတ်စွာအား ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပအိုဝ်းလူငယ်ပရဟိတအဖွဲ့မှ ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်း

**သထုံ ဩဂုတ် ၂၈**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ကျိုက်ကော်၊ သိမ်ဆိပ်၊ တောင်ကြားရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများရှိ ကျောင်းများမှ ရေဘေးဒဏ်ခံကျောင်းသား ကျောင်းသူများအား ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးပုံနှိပ်စာအုပ်များကို မလေးရှားနိုင်ငံရှိ ပါရမီဖြည့်ဘက် ပအိုဝ်းတိုင်းရင်းသားလူငယ်များ ပရဟိတအဖွဲ့မှ ပေးပို့လှူဒါန်းခဲ့ရာ သထုံမြို့ရှိ ခွန်တန်နွယ်ပအိုဝ်းလူငယ်အဖွဲ့မှ ဩဂုတ် ၂၅ ရက်က အထက(ကျိုက်ကော်)ရွှေရတုခန်းမတွင် လှူဒါန်းခဲ့ကြသည်။ အခမ်းအနားတွင် အထက (ကျိုက်ကော်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်နှင့် ပြည်နယ်ပအိုဝ်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းတို့က အမှာစကားပြောကြားကြပြီး ပါရမီဖြည့်ဘက် လူငယ်ပရဟိတအဖွဲ့၏ လှူဒါန်းပေးရသည့် ရည်ရွယ်ချက်များကို ခွန်တန်နွယ်ပအိုဝ်းလူငယ်မှ ခွန်သက်မောင်မောင်က ရှင်းလင်းသည်။ ယင်းနောက်တာဝန်ရှိသူတို့က ငွေကျပ် ၆၉၀၀၀၀ တန်ဖိုးရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသုံးပုံနှိပ်စာအုပ် ၃၅၂ စုံကို ပေးအပ်ရာ ဆရာဦးကျော်ကျော်မြတ်က ကျောင်းသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ မြို့နယ်အတွင်း ရေနစ်မြုပ်မှုများတွင် ပရဟိတအဖွဲ့၏ ယခုလှူဒါန်းမှုမှာ ဒုတိယအကြိမ်ဖြစ်သည်။ ထို့အပြင် ခွန်တန်နွယ် ပအိုဝ်းလူငယ်အဖွဲ့၏ ချိတ်ဆက်မှုဖြင့် လာမည့်အပတ်အတွင်း ထိုင်းနိုင်ငံရှိ ပအိုဝ်းလူငယ်များစုပေါင်းကာ ရေဘေးသင့်ပြည်သူများအား အဝတ်အထည်၊ ဆန်နှင့်အခြားပစ္စည်းများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပေါင်မြို့နယ်၌ နိုင်ငံသားကတ်ပြုလုပ်ပေး

**ပေါင် ဩဂုတ် ၂၈**

သထုံခရိုင် ပေါင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် သထုံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမောင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစိုးလွင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာများသို့ နေ့ချင်းပြီး(အခမဲ့)ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် နတ်မော်ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့သည်။ **ချိုမြတ်မြတ်ထွေး(iprd)**

# စပါး ပိုးမွှားရောဂါကာကွယ်ရေး ဝိုင်းမော်၌ဆွေးနွေးဟောပြော

**ဝိုင်းမော် ဩဂုတ် ၂၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဒေသခံတောင်သူများအား စပါးပိုးမွှားရောဂါကာကွယ်ရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက နောင်ဟီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ လက်ထောက်ဦးစီးမှူး ဦးစိုးနိုင်က ပိုးမွှားရောဂါ ကျရောက်မှုကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်းသိရသည်။

**(ဝ၆၂)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**


## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါ လေးထပ်အဆောက်အအုံနှင့် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါသုံးထပ်အဆောက်အအုံတို့သည် (အလျား ၁၀၀'×အနံ ၆၀')ရှိ အဆောက်အအုံများဖြစ်ပြီး အဆိုပါအဆောက်အအုံနှစ်လုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အန္တရာယ်ရှိအဆောက်အအုံသတ်မှတ်ထားသဖြင့် လေလံတင်ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အဆောက်အအုံတည်နေရာ** - (၁) ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၈၈)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ ရဲစခန်း လူနေအိမ်ခန်းပါ လေးထပ်(အလျား ၁၀၀'× အနံ ၆၀') သံကူကွန်ကရစ် အုတ်တိုက် အဆောက်အအုံ။

(၂) ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၂၀၂/၂၀၄)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ ရဲစခန်းလူနေအိမ်ခန်းပါ သုံးထပ် (အလျား ၁၀၀'×အနံ ၆၀')သံကူကွန်ကရစ်အုတ်တိုက် အဆောက်အအုံ။

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၄ ရက်မှ ၂-၉-၂၀၁၄ရက်အထိ နံနက် ၉နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွှတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန

(ဃ) **တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၄-၉-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၅-၉-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ

၂။ အထက်ဖော်ပြပါအဆောက်အအုံနှစ်လုံးတို့အား စိတ်ဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ ကုမ္ပဏီများမှ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာနသို့ ရုံးချိန်အတွင်း ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁တို့သို့ဆက်သွယ်၍ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**



## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၊ မြန်မာစက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းတံတားတို့တွင် ထိန်းသိမ်းထားရှိသော ရက်ပေါင်း(၆၀)ကျော် လေလံစာရင်းဝင် CAUSTIC SODA နှင့် RBI-81-Soil Stabilizer ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၂-၉-၂၀၁၄ရက် ၁၃း၃၀နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင် ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်/ကွန်ကရစ်လမ်း၊ Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင်၂၈-၈-၂၀၁၄ရက်မှ ၁၁-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အုတ်တွင်းမြို့၊ ပဲခူးလမ်းမြောက်ပိုင်းနေ (ဦးထွန်း)၏သမီး မစန်းဝင်း (ခ)မအေးအေးလှ ၇/အတန(နိုင်)၀၂၆၈၄၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။



## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ စက်ဆီ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အင်ဂျင်ဝိုင်(SAE 15 W 40) | 1 Lot |
| (ခ) | ဂီယာဝိုင်(SAE 90) | 1 Lot |
| (ဂ) | ဟိုက်ဒြောလစ်ဝိုင်(ISO 46) | 1 Lot |
| (ဃ) | အမဲဆီ(NLGI-2) | 1 Lot |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၈-၈-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၈ရက်၊ ၁၆း၃၀ နာရီဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၁၈၊ ၀၆၇-၄၃၁၂၄၅**



## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအားကုသပေးရန် လိုအပ်သော (FDA)အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာ ပုံစံများစတင်ရောင်းချမည့်ရက်** - ၂၈-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၉-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**

**ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# ဇီးကုန်းမြို့နယ်အတွင်း အဆင့်မြှင့်ကတ္တရာလမ်းများခင်းရန် ဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်မှ အရှည် ၅ မိုင်၊ အကျယ် ၁၆ ပေ၊ ထု ၆ လက်မရှိ သစ်နဖားလမ်းအပိုင်းကို ဇရပ်လှကျေးရွာအရောက် ကျောက်ခင်းလမ်းခင်းခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြု ဘဏ္ဍာငွေကျပ် ၇၈၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်းကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းအလိုက် ကျောက်ချောခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက အဆင့်မြှင့်ကတ္တရာများ ခင်းကျင်းမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် မတ်လတွင် လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇီးကုန်းမြို့နယ် ညောင်ဇင်ကျေးရွာမှ မြောက်လွတ်ကုန်း၊ ပန်းတင်လေးကျေးရွာများအထိအရှည် ၂ မိုင် ၇ ဖာလုံရှိ ယခင်မြေသားလမ်းဟောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ကျောက်ခင်းခြင်း၊ မြေသားပြုပြင်ခြင်းများကို မေ ၇ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး မိုးရာသီအကုန်တွင် ကတ္တရာ ခင်းကျင်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းအရှည် ၂ မိုင် ၇ ဖာလုံ အကျယ် ၁၄ ပေနှင့် ထု ၄ လက်မနှစ်လွှာရှိ ကျောက်ချောခင်းကျင်းနေမှု လုပ်ငန်းများနှင့် လမ်းပိုင်းတစ်ခုလုံးကို ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၃၂၃ သန်းဖြင့် သုံးစွဲလုပ်ကိုင်သွားမည်ဖြစ်သည်။ လမ်းများအားလုံးပြီးစီးသွားပါက မြို့နှင့်ကျေးလက်ဆက်သွယ်သော လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့်စီမံကိန်းများဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

**ကိုသက်(ဇီးကုန်း)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကယားပြည်နယ် တရားလွှတ်တော်ဝန်ထမ်းများအားတွေ့ဆုံ

**လွိုင်ကော် ဩဂုတ် ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်သည် ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားလွှတ်တော်မှ တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တရားရုံးအဆင့်ဆင့်မှ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ခရိုင်နှင့်မြို့နယ်တရားသူကြီးများက လုပ်ငန်းအခြေအနေများကို တင်ပြခဲ့ရာ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကယားပြည်နယ်တရားလွှတ်တော်**



## စစ်ကိုင်း၌ ကျေးရွာတချို့မိုးရွာသွန်း၍ တောင်သူများပျော်

**စစ်ကိုင်း ဩဂုတ် ၂၈**

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် ဩဂုတ်လတတိယပတ် မိုးရွာသွန်းမှုကြောင့် ကျေးရွာတချို့ရှိတောင်သူများ ပျော်ရွှင်ကြည်နူးမှုဖြစ်ရပြီး အဆိုပါမိုးရွာသွန်းဖြိုး၍ ကျေးရွာအတွင်း မွေးမြူထားသော သိုး၊ ဆိတ်၊ နွားစာများပြန်လည်ပေါ်များလာသောကြောင့် တောင်သူအများပျော်ရွှင်လျက်ရှိကြသည်။ "အခုမိုးရွာသွန်းလိုက်တဲ့အတွက် မွေးမြူထားတဲ့ တိရစ္ဆာန်တွေ အစာပေါ်များလာ လို့ဝမ်းသာမိပါတယ်၊ သီးနှံတွေအနေနဲ့ကတော့ တချို့သီးနှံတွေက မိုးနောက်ကျလို့ စိုက်လို့မရပေမယ့် စိုက်လို့ရတဲ့ သီးနှံတွေကိုတော့ စိုက်ပျိုးသွားမှာပါ၊ အခုဆိုရင် နွားစာအတွက် လယ်၊ ယာတံသင်းရိုးတွေမှာ ပြန်လည်စိမ်းစိုလာတော့ အားလပ်ရက်တွေမှာ တိရစ္ဆာန်တွေကို လွှတ်ကျောင်းပေးပါတယ်၊စိုက်ပျိုးထားတဲ့နွားစာပြောင်းတွေရှင်သန်လာလို့လည်း ဝမ်းသာမိပါတယ်၊ နွားစာအတွက်တော့ လောလောဆယ် အဆင်ပြေသွားတာပေါ့၊ ဟိုအရင်ရက်တွေကဆို နွားစာအတွက် အခက်အခဲဖြစ်လို့ နေ့စဉ်နဲ့အမျှ စိုးရိမ်မှုတွေဖြစ်နေရတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဒေသမှာတော့ မိုးရွာသွန်းလို့တောင်သူများပျော်ရွှင်မိပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

**ဇော်မြင့်နိုင်**

## အမျိုးသမီးအိမ်တွင်းမှုသက်မွေးစက်ချုပ် သင်တန်းဖွင့်

**မြိတ် ဩဂုတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၈)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၆၇) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက မြိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ကြိုးစားဆောင်ရွက်ကြပါ။ သင်တန်းပို့ချပေးမယ့် ဆရာမများအနေနဲ့လည်း ယခင်ဖွင့်လှစ်ခဲ့တဲ့သင်တန်းများကဲ့သို့စေတနာထားပြီး သင်ကြားပို့ချသွားကြပါလို့ တိုက်တွန်းမှာကြားရင်းနဲ့ နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။ အခမ်းအနားအပြီးတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်သည် သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး သင်တန်းကျောင်း၏ အိမ်တွင်းမှုလက်ရာများနှင့် သင်တန်းခန်းမ အသစ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါသင်တန်းကို ထားဝယ်မြို့နယ်၊ ပုလောမြို့နယ်၊ မြိတ်မြို့၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်များမှ သင်တန်းသူ ၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**


### ပစ္စည်းအဟောင်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန်မလိုအပ်တော့သည့် အောက်ဖော်ပြပါပစ္စည်းအဟောင်းအစုအပုံတို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

| စဉ် | အမျိုးအမည် | အရေအတွက် | တည်နေရာ |
|---|---|---|---|
| (က) | စက်ကိရိယာပစ္စည်းဟောင်းများနှင့် သံတိုသံစ အဟောင်းများ | (1)Lot | အမှတ်(၈၀) ရန်ကုန်-အင်းစိန်လမ်း |
| (ခ) | ရုံးသုံးစက်ပစ္စည်းအဟောင်းများ | (2)Lot | ရုံးချုပ်၊နေပြည်တော် |

၂။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၁၅-၉-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပါသည်။ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) ပစ္စည်းများ ကြည့်ရှုခွင့်ပြုပါမည်။

၃။ ၂၉-၈-၂၀၁၄ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း၊ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၇ ဆက်သွယ်ရယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဘဏ္ဍာရေးဝန်ကြီးဌာန
### အကောက်ခွန်ဦးစီးဌာန
### တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံး၊ မန္တလေးမြို့
### ဝန်ထမ်းအိမ်ရာအဆောက်အအုံပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနပိုင် တံတားဦးလေဆိပ်၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးနေမှုကို ပြန်လည်ပြုပြင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခြောက်ခန်းတွဲ လူနေဆောင်တစ်လုံးအား အနောက်ဘက်မီးဖိုချောင်နှင့်တွဲလျက် ရေချိုးခန်းအား နံရံများဖျက်သိမ်းခြင်း၊ အမိုးများဖွင့်၍ ကျောက်ထုပ်လောင်းခြင်း၊ ကြမ်းခင်းများပြုပြင်ခြင်း၊ နံရံများအုတ်စီခြင်း၊ အချောကိုင်ဆေးသုတ်ခြင်းနှင့် ရေမီးလိုင်းများ ပြန်လည်တပ်ဆင်ခြင်း၊

(ခ) နှစ်ခန်းတွဲလူနေဆောင်နှစ်လုံးအား ကြမ်းခင်းများပြုပြင်၍ ထပ်ပိုးလွှာခင်းခြင်းနှင့် နံရံများဖာထေးဆေးသုတ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁-၉-၂၀၁၄ ရက်မှ ၅-၉-၂၀၁၄ ရက်အထိ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၉-၂၀၁၄ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသောတင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံး
အကောက်ခွန်ဦးစီးဌာန
ကွဲဆည်ကန်(၁)လမ်းထိပ်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၇၀၃၂၇၊ ၀၂-၇၀၃၂၈

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်း အထက(၂) တက္ကသိုလ်ဝင်တန်း(A-1)မှ မနှင်းမိုးကြည်၏ဖခင် ဦးမြင့်လှိုင်(ခ)ဦးမြင့်ဦး ၉/တကန(နိုင်)၀၄၁၉၈၅ မှာ တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးမြင့်လှိုင်(ခ)ဦးမြင့်ဦး ၉/တကန(နိုင်)၀၄၁၉၈၅**



### ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A) မှ ပညာသင်ကြားနေသော မခင်စိုးထွန်း၏ ဖခင်အမည်မှန်မှာဦးသိန်းထွန်းအောင် ၉/တကန(နိုင်)၀၀၇၆၀၄ ဖြစ်ပါကြောင်း။



### စက်မှုဝန်ကြီးဌာန
### အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
### သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံထုတ်ပေးရက်** - ၁-၉-၂၀၁၄ ရက်
**တင်ဒါပိတ်ရက်** - ၈-၉-၂၀၁၄ ရက် (၁၆း၀၀နာရီ)



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၈၇၊ ဧရိယာ စတုရန်းပေ ၁၂၀၀၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၉ ရပ်ကွက်၊ သူရလမ်း၊ အမှတ် (၃၈၇/ခ)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဒေါ်အေးအေးဝင်း(A/RGN-၀၀၈၃၀၅) ၁၂/ဥကတ(နိုင်)၀၁၀၉၄၆ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးခင်မောင်ထွန်း ၁၂/တမန (နိုင်)၀၄၁၇၃၇မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းသူကောင်း** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကိုရီးယားနိုင်ငံမှ လယ်ယာသုံးစက်ကိရိယာများ ခြောက်နှစ်အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်



**မအူပင် ဩဂုတ် ၂၈**

ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့်လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ တောင်သူများအား ခြောက်နှစ် အရစ်ကျစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲကို မအူပင်မြို့ တလုပ်လပ်အရှေ့ကျေးရွာမှ တောင်သူဦးလွင်မော်၏ လယ်မြေတွင် ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် ဒီဒုံးလက်တွန်း ထွန်စက်၊ လယ်ထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက် ကိုးမျိုးကို လက်တွေ့ မောင်းနှင်သရုပ်ပြသကြသည်။ လယ်ယာသုံး စက်ပစ္စည်းများကို တစ်နှစ်အာမခံပေးထားပြီး စက်တစ်လုံး၏ ၁၅ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေကို ခြောက်လ တစ်ကြိမ်နှုန်းဖြင့် ခြောက်နှစ်အတွင်း ငွေသွင်းဝယ်ယူနိုင်ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သော သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သမဝါယမအသင်းသား တောင်သူများသို့ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများကို တောင်သူများသို့ ကာလရှည်အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကာ သရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်တို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ မြို့နယ်အလိုက် သမဝါယမအသင်းသား တောင်သူများ၊ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်သူရနှင့် တောင်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝ၆၈)



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့ အထက(၁)နှင့် (၂) မှ ကျောင်းကြက်ခြေနီအသင်းဝင် ကျောင်းသား ကျောင်းသူ ၅၅ ဦးနှင့် ဆရာဆရာမများ ငါးသိုင်းချောင်းမြို့ ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင်ဓမ္မပါလ ကျောင်းတော်ရာနှင့် ကုန်းပြင်ကျေးရွာ မြသိန်းတန်စေတီတော်များသို့ တစ်နေ့တာ လေ့လာရေးခရီး သွားရောက်စဉ်။**

မင်းဇော်ဦး(ရေကြည်)

## ရပ်ကွက်ပေါင်းစုံချက်ပြုတ်သရုပ်ပြပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၂၈**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်က မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုက အမှာစကားပြောကြားပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ရွှေလီက အာဟာရပြည့်ဝစွာရရှိနိုင်မည့် ပြင်ဆင်ချက်ပြုတ်ခြင်းဆိုင်ရာနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်/ကျေးရွာများမှ ချက်ပြုတ်ရေးပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုရ မြို့သစ်ကြီး၊ ဒုတိယဆုရ ရွှေညောင်ပင်၊ တတိယဆုရ လယ်ကုန်းရပ်ကွက်တို့အား ပြည်နယ်ဥက္ကဋ္ဌကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော မြေမြင့်ရပ်ကွက်၊ ရန်ကြီးအောင်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ အေးစေတီရပ်ကွက်နှင့် ယုဇနရပ်ကွက်အသင်းများအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ချက်ပြုတ်ပြိုင်ပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနု၊ ပြည်နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ ပြိုင်ပွဲဝင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရမ်ပူရပ်ကွက်၊ ယုဇနရပ်ကွက်၊ ရှမ်းစုရပ်ကွက် စသည့်ရပ်ကွက်များမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဝမ်းတွင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတွင် သရဖီကျောင်းဆောင်သစ်ကို အလှူရှင်က လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် ရန်ကုန်မြို့မှ အလှူရှင် ဒေါ်သန်းသန်းဌေး(ထူးကျော်-ရွှေသန့်စင်လုပ်ငန်း)က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်ထံ ပေးအပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူ ၂၅၀ ကိုလည်း အာဟာရကျွေးမွေးကာ စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။

ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ၊ သွပ်မိုးအုတ်ကာ၊ သမံတလင်းခင်း၊ တစ်ထပ်ကျောင်းဆောင်အမျိုးအစား ဖြစ်ပြီး ဗီရို လေးလုံး၊ ရေခဲသေတ္တာ တစ်လုံး၊ ပန်ကာ ၁၀ လုံး၊ အလံတိုင်စတီးအမြင့်ပေ ၂၀ နှင့် သန့်စင်ခန်း ငါးခန်းပါဝင်ကာ ကုန်ကျငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ ဖြစ်ကြောင်း သိရသည်။

ဌေးလှိုင်(ဝမ်းတွင်း)


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | မြို့အမည် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ငါးသိုင်းချောင်း | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး(၃၆'×၂၄') (တစ်ထပ်သံကူကွန်ကရစ်) |
| ၂ | ပန်းတနော် | လေးခန်းတွဲဝန်ထမ်းနေအိမ် (၆၀'×၅၀') (တစ်ထပ်သံကူကွန်ကရစ်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၈-၂၀၁၄ ရက်မှစတင်၍ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၄ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၄၂-၂၄၅၅၀၊ ၀၉-၆၈၁၄၇၁၇

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

### သတ္တုတွင်းဝန်ကြီးဌာန
### အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားပြီး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ မန္တလေးရုံးခွဲ၊ ၃၅ လမ်းနှင့် ၆၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အင်ဂျင်နီယာရုံး၊ ဗန်းမော်ခရိုင်၊ ကချင်ပြည်နယ်တို့တွင် သိုလှောင်ထားရှိသည့် အင်ကြင်းကျောက် ၅၁၉၃၂ ကီလိုဂရမ်နှင့် စကျင်ကျောက် ၃၈၀ ကီလိုဂရမ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံ၊ ကြမ်းခင်းဈေးနှုန်းနှင့်စည်းကမ်းချက်များကို ၂၉-၈-၂၀၁၄ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၅-၉-၂၀၁၄ရက်၊ ၁၆း၀၀ နာရီဖြစ်ပါသည်။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၀၉၃၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်အောက်မှ ဝယ်ယူခွင့်ရရှိခဲ့သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသည်။

(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၈ လုံး
(ခ) မိတ္တူကူးစက် ၁ လုံး
(ဂ) မီးအားမြှင့်စက် (10 KVA) ၁ လုံး
(ဃ) အစည်းအဝေးခန်းမအသံချဲ့စက် ၁ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံ(၅၀၀၀ိ/-)(ကျပ်ငါးထောင်တိတိ)ဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပုသိမ်မြို့၌ ဖွင့်လှစ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ငွေစာရင်း MD -021818သို့ ပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် ၂၂-၉-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပုသိမ်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မြေညီထပ်အစည်းအဝေးခန်းမရှိ တင်ဒါပုံးထဲသို့ ထည့်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဖုန်း-၀၄၂-၂၅၂၉၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၇၄၈၈ Honda Dream ND 125 m, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူဝင်း ၆/ထဝန(နိုင်)၀၇၄၉၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၄၃၀၄ (8A/4304) ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမည်ပြောင်း

ဦးချစ်ထွန်း၏သမီး အထက သုဝဏ္ဏ အဋ္ဌမတန်း(B)မှ မနီနီကိုအား မနီနီဗိုလ်မြင့်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

### အမည်မှန်

ရွှေဘိုမြို့၊ D ပျိုးခင် ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ ဦးတင်ထွန်း၏သမီး အမည်မှန်မှာ မသက်ဆုသွယ် ဖြစ်ပါသည်။

မသက်ဆုသွယ်

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၈၀၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၅၉၃၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သဘာဝခရီးသွားလုပ်ငန်းမူဝါဒနှင့် မဟာဗျူဟာစီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေး

**ကော့သောင်း ဩဂုတ် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နီပေါနိုင်ငံ အခြေစိုက် International Centre for Integrated Mountain Development (ICIMOD) အိုင်စီမော့ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် သဘာဝခရီးသွားလုပ်ငန်းမူဝါဒနှင့် မဟာဗျူဟာစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ **(ဝဲပုံ)**က အမှာစကားပြောကြားသည်။ ထို့နောက် လပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ် (Lampi Island Marine National Park) ဦးစီးအရာရှိ ဦးမောင်မောင်နိုင်က မိတ်ဆက်စကားပြောကြားကာ မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါ်ကြည်ကြည်အေးက (ICIMOD) အဖွဲ့စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ခရီးသွားလုပ်ငန်းအကြံပေးMr.Paul Roger က မြန်မာ့ခရီးသွားလုပ်ငန်း မူဝါဒများနှင့် စီမံခန့်ခွဲခွင့် နည်းပညာများ စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Mr. P A Warden မှ လပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ခရီးစဉ်များရေးယာစီစဉ်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် လပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ နောင်ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေများကို အစီအစဉ်များစီမံခန့်ခွဲထားရှိမှုအပိုင်းနှင့် ပတ်သက်၍ Mr.Emilio TodeschiniOikos က ရှင်းလင်းဆွေးနွေးပြီး လမ်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်၏ အပင်၊ သတ္တဝါတို့နှင့် သတ်မှတ်ဆက်နွှယ်သည့် ဂေဟစနစ်များအကြောင်းကို Mr. Chris Kingsley က ဆက်လက်ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ရှိ လမ်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ် (Lampi Island Marine National Park) တွင် Ecotourism & Protected Areas Assessment ထားရှိမှု မဟာဗျူဟာအစီအမံ နည်းပညာများနှင့် မြန်မာ့သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရှိရသည်။ **ကျော်စိုး(ကော့သောင်း)**

## အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ပူတာအို၌ဖွင့်

**ပူတာအို ဩဂုတ် ၂၈**

ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သော အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၂၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ် (၂၃)ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါအိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားသည်။ သင်တန်းများတွင် အခြေခံအိမ်တွင်းမှုသင်တန်းသို့ ၁၃ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ငါးဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး အခြေခံအိမ်တွင်းမှုသင်တန်းတွင် ဘာသာရပ် ၂၄ မျိုး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ဘာသာရပ် ၁၃ မျိုး သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ အိမ်တွင်းမှုအတတ်ပညာများ တိုးပွားလာစေရုံသာမက လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ခြင်းဖြစ်ကာ ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ သင်တန်းအမှတ်စဉ် (၁)မှ (၂၈)အထိ သင်တန်းဆင်းအောင်မြင်ပြီးသူပေါင်း ၁၁၀၃ ဦးကို မွေးထုတ်လေ့ကျင့်သင်ကြားပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ဖြူး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး စစ်ဆေးကြပ်မတ်မှုများနှင့် ပညာပေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြို့အတွင်း ကုန်တင်မော်တော်ယာဉ်များ၊ လူစီးမော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ဘေးတွဲများနှင့် ဆိုင်ကယ်များမှာ တစ်နေ့တခြား ပိုမိုများပြားလာခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိနေသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၏ ကြီးကြပ်မှုဖြင့် ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးစံလှ ဦးဆောင်လျက် ယာဉ်ထိန်းတပ်ကြပ်ကြီး စိုးမိုးထွန်းတို့ ပါဝင်သော ရဲတပ်ဖွဲ့ဝင်များက လူသွားလူလာ စည်ကားသော ဖြူးစည်ပင်ဈေးပတ်ဝန်းကျင်နှင့် လမ်းဆုံလမ်းခွများ၊ မြို့တွင်း ရန်ကုန် - မန္တလေး ကားလမ်းတစ်လျှောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့ပြင် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများ၊ ခရီးသွားပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုသိရှိလိုက်နာဆောင်ရွက်ရေးနှင့် လိုင်စင်မဲ့ဆိုင်ကယ်များအား စက်တင်ဘာ ၁ ရက်မှစတင်၍ ထိရောက်စွာ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း ကြိုတင်သတိပေး ပညာပေး လက်ကမ်းစာစောင်များကိုဩဂုတ် ၂၅ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) ဖြူး-မြင့်ဦး**




### ဖခင်အမည်မှန်

ကသာခရိုင် ကသာမြို့နယ် အထက (၁) တက္ကသိုလ်ဝင်တန်း (A) တွင် ပညာသင်ကြားလျက်ရှိသော မအားဂူမီး၏ဖခင်အမည်မှန်မှာ ဦးဇီလဲ ဖြစ်ပါကြောင်း။

**ဦးဇီလဲ**

### တစ်ဦးတည်းဖြစ်ကြောင်း

ကသာမြို့နယ် စက်တူးအုပ်စု ဒေါင့်ကြီးကျေးရွာနေ ဦးမြင့်အေး၏သား ၅/ကသန(နိုင်) ၀၉၄၂၈၅ ကိုင်ဆောင်သူ မောင်ချစ်ရအောင်နှင့်မောင်အောင်ခန့်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၂၉၃၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/3728 NISSAN ,S/W SOE SANAUTOMOBILE အမည်ပေါက်အား ယာဉ်လက်ဝယ်ရှိသူမှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉စ/၃၂၇၉ Nissan Clipper U7/T PU(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီအောင် ၁၂/မရက(နိုင်)၁၁၈၉၃၂ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**ပျောက်ဆုံးကြောင်း**

Ice Land Co.,Ltd.၏ထုတ်ကုန်၊ သွင်းကုန်အမှတ်(၁၇၄၁၀)မှတ်ပုံတင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၀၆၅၆၀**

### သက်ဆိုင်သူများနှင့်အများသိစေရန် သတိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ ဒေါ်ခင်မေအုန်း(ဘ)ဦးအုန်းဖေ ၅/ရဘန(နိုင်)၀၀၃၄၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေအုန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ အစ်ကိုကြီးအရင်းအချာ တော်စပ်သူ ဦးလှမြင့်(ဘ)ဦးအုန်းဖေ CJ-၀၄၅၅၁၆ ပြည်နယ်အခွန်ဦးစီးအရာရှိ(ငြိမ်း)နှင့် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ရက်က ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့အရောင်းအဝယ်စာချုပ် ချုပ်ဆိုရသည့်အကြောင်းမှာထိုစဉ်က အစ်ကိုကြီးအရင်းဖြစ်သူ ဦးလှမြင့်သည် အသက်အရွယ် ၇၈ နှစ်ရှိပြီး ကျန်းမာရေးလုံလောက်စွာ ကောင်းမွန်ခြင်းမရှိ သော အငြိမ်းစားဝန်ထမ်းဖြစ်နေသည့်အတွက် ကြုံတွေ့ခံစားနေရသော အခက်အခဲများ အဆင်ပြေစေရန်အတွက် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ ဦးစွာဝယ်ပိုင်ခွင့် တောင်းဆိုတောင်းခံပိုင်ခွင့် အခွင့်အရေးကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သည်ဖြစ်၍လည်းကောင်း၊ ကွယ်လွန်သူမိဘများဖြစ်သည့် (ဦးအုန်းဖေ-ဒေါ်ကြင်အေး)တို့ထံမှ ဆင်းသက်လာသော အမွေပစ္စည်းများ၌ သက်ဆိုင်ရာအမွေဆိုင်တို့ခွဲဝေပိုင်းခြားမှု မပြုမီ ဦးလှမြင့်ခံစားရရှိထိုက်သောအမွေဝေစုကို ဒေါ်ခင်မေအုန်းက ဝယ်ယူရန်ကမ်းလှမ်းမှုအပေါ် ဦးလှမြင့်က သဘောတူလက်ခံပါသဖြင့် ဦးလှမြင့်ခံစားရရှိထိုက်သည့်အမွေကို ဒေါ်ခင်မေအုန်းမှ နှစ်ဦးသဘောတူ ညှိနှိုင်းသတ်မှတ်သည့် ငွေကြေးပေးအပ်ကာ ဥပဒေနှင့်ညီညွတ်သော အရောင်းအဝယ်စာချုပ်ကို ရန်ကုန်မြို့၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဦးလှမြင့်ရသင့်ရထိုက်သည့်အမွေဝေစုကို ဒေါ်ခင်မေအုန်းကသာလျှင် ဆက်ခံပိုင်ဆိုင်သူဖြစ်ပါသည်။

အဆိုပါဦးလှမြင့်၏အမွေဝေစုနှင့်ပတ်သက်မှုမှန်သမျှ ဒေါ်ခင်မေအုန်းကသာလျှင် အဆုံးအဖြတ် ပေးနိုင်သူဖြစ်ပါသည်။

သက်ဆိုင်သူများအနေဖြင့် ဦးလှမြင့်၏အမွေဝေစုနှင့်ပတ်သက်မှုမှန်သမျှကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါရန် သတိပေးကြေညာပါမည်။

ဦးလှမြင့်နှင့် ဒေါ်ခင်မေအုန်းတို့ နှစ်ဦးသဘောတူချုပ်ဆိုထားကြသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ချုပ်ဆိုထားသည့် ဦးစွာဝယ်ပိုင်ခွင့်အခွင့်အရေးအရ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်မှာ ဒေါ်ခင်မေအုန်းလက်ရှိဖြစ်ပါကြောင်းနှင့် ဒေါ်ခင်မေအုန်းထံ ထိုစာချုပ်ကို အချိန်မရွေး တောင်းခံကြည့်ရှုနိုင်ပါကြောင်း အပြင် ဥပဒေနှင့်အညီ ဖြေရှင်းကြမည်ဆိုလျှင် အဆိုပါစာချုပ်ကိုအဓိကထား၍ ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သန်း B.A(Law), LL.B(Advocate) စဉ်-၂၆၃၉**
**အမှတ်(၂)ရပ်ကွက်၊ ရွှေဘိုမြို့၊ ဖုန်း-၀၉-၄၀၀၄၅၆၉၅၅**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ တိုက်အမှတ် (၆၂)၊ လေးလွှာခြေရင်းခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အားလုံး အပါအဝင် ယင်းတိုက်ခန်းအား ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက် လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးမြင့်ထွဋ်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၁၁၂၀၈)**
**အမှတ်(၆/၂၄)၊ ဗိုလ်လကျာ်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၈၃၀၁၃၀၈၊ ၀၆၇-၂၂၄၂၆**

**အမည်ပြောင်း**

ဦးတင်ရွှေ၏သမီး မစုစုလွင်အား မစုနန္ဒာနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မစုနန္ဒာနိုင်**

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၀၅၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၅၈၃၆၊ Top TF-1, Jeep (4 ×2) ® ယာဉ်လက်ဝယ်ရှိသူ ဦးရှောက်စိန် ၉/မရမ(နိုင်)၀၇၈၂၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈/A၊ မြေကွက်အမှတ် ၄၀၂၊ မြေကွက တည်နေရာအမှတ် ၄၀၂၊ သပြေလမ်း၊ ၂/ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးမောင်မောင်မြင့် ၁၂/မဂဒ(နိုင်)၀၃၄၅၂၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ နှစ် ၆၀ မြေငှားဂရန် ပျောက်ဆုံးကြောင်း၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ၊ နှစ် ၆၀ မြေငှားဂရန်အမှန်တကယ်ပျောက်ဆုံးကြောင်း ၁၆-၇-၂၀၁၄ ရက်စွဲပါ တရားရုံးကျမ်း ကျိန်လွှာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/သမိုင်း)၊ မြေကွက်အမှတ် (၁၈/ဃ^၁)၏ အစိတ်အပိုင်း၊ (၉၅×၈၇)ပေ၊ မြေကွက်တည်နေရာအမှတ်-၃၀၃၊ ခြံအမှတ်-၁၈/ဃ၊ ရွှေရတနာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးရွှေဘ အမည်ပေါက် ဘီ/လ/န ၃(ခ) မြေအား အမည်ပေါက်ဦးရွှေဘထံမှ တရားရုံးဒီကရီဖြင့် ရရှိလာသူဦးစံငွေ၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ခင်မေမြင့်မှ(တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်၊ တရားရုံးတရားမကြီးအမှုအမှတ်-၂၇/၂၀၁၀ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်ခင်ကြည်အား (တရားပြိုင်)ရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် (၁၀/၂၀၁၂)ဖြင့် ဒေါ်ဦးဆန်းရီ(ဘိလစ်)အား တာဝန်ပေးမှုဖြင့်တရားရုံးဒီကရီ အထောက်အထားများတင်ပြ၍ ဒေါ်ဦးဆန်းရီ(ဘိလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃/သမိုင်း၊ မြေကွက်အမှတ် ၉/ဃ^{၂B-၁}၊ မြေကွက်တည်နေရာအမှတ် ၁၅/၂၇၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် K ဆင်ရောင်၊ K ထွန်းဖြူ အမည်ပေါက် မြေပိုင်မြေ(ဘီ)မြေအား အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၂၀၀၆/၁၉၉၈(၁-၆-၁၉၉၈) ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးခူချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ၄င်းတို့ ခုနစ်ဦးအပြင် ဒေါ်ခင်ယုဇနကိုပါ ထည့်သွင်း၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၂၆/၂၀၁၂ ဖြင့် ဦးမင်းမင်းအောင်မှ တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၁၂၃/၂၀၁၁၊ အရောင်းအဝယ်စာချုပ် ၃၁၁၂/၂၀၁၃ (၂၆-၈-၂၀၁၃)၊ အမှားပြင်စာချုပ်အမှတ် ၄၃၉၂/၂၀၁၄(၃၀-၇-၂၀၁၄) တို့ဖြင့် ပိုင်ဆိုင်လာသူ ဦးမင်းမင်းအောင် ၁၂/ဗဟန(နိုင်)၀၅၇၂၇၈မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၂၀၀၆/၁၉၉၈ (၁-၆-၁၉၉၈) စာချုပ်မိတ္တူမှန်တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပွင့်ကိုးပါးစေတီ ဒါယကာ
## ဇေယျာသိဒ္ဓိဆရာကြီး ဦးစိုးမင်း
### အသက်(၈၃)နှစ်

ဆရာမကြီး ဒေါ်မြသစ်၏ခင်ပွန်း၊ ဦးသော်အောင်၊ ဦးမြင့်စိုး-ဒေါ်မြနု၊ ဦးနေလင်း-ဒေါ်ခင်စုရီ၊ ဦးဇေယျာမင်း-မဖြူဖြူသန့်၊မောင်ဘောဂ-မလဲ့လဲ့တို့၏ဖခင်၊မြေးငါးယောက်တို့၏ အဘိုးသည် ၂၆-၈-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ အောင်သပြေတောင်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ငါးဆူတောင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေသင်္ဂဟတပည့်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦး(ခနောင်တို)
### အသက် (၈၀)

ဦးတင်ဦး (ခနောင်တို) အသက် (၈၀)သည် ၂၄-၈-၂၀၁၄ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဝင်းနိုင်(ကိုနိုင်)နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
### ညွှန်ကြားရေးမှူး(ငြိမ်း)ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန
### စက်မှုစီးပွားထူးချွန်ပထမဆင့်
### အသက် (၇၀)

ဆရာကြီးဒေါက်တာမျိုးမြင့်သည် ၂၂-၈-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ချိုရီမြင့်၊ ဒေါ်စန်းစန်းဝေ၊ ဒေါ်ခိုင်စံပယ်အောင်၊ ဒေါ်အေးသီတာ၊ ဒေါ်ခိုင်ဇာဝေ၊
ဒေါ်ချိုချိုလွင်၊ ဒေါ်စုစုလတ်၊ ဒေါ်သူဇာသွယ်၊ ဦးစိုင်းမျိုးသူရိန်၊ ဒေါ်မေဖြူသိန်းမော်၊
ဒေါ်ဝေဝေလွင်၊ ဒေါ်မြသက်ထားဆွေ၊ ဒေါ်ဖြိုးဖြိုးဝေ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်ကြီးခင်မောင်ဝင်း(ငြိမ်း)
### တောင်ကြီးမြို့
### အသက်(၆၂)နှစ်

၁၇-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဗိုလ်ကြီးခင်မောင်ဝင်း(ငြိမ်း)၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးသူများ၊ ယာဉ်အကူအညီပေးသူများ၊ ဖုန်းဖြင့်လည်းကောင်း၊ ကြော်ငြာစာများဖြင့်လည်းကောင်း၊ ဝမ်းနည်းကြေကွဲကြောင်း ဆက်သွယ်အကြောင်းကြားသူများ၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ် ၅၅၊ သီဟတပ်ခွဲမှအရာရှိများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ခဲ့သော တောင်ကြီးမြို့ ရှေ့နေအသင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူဇနီးဒေါ်စိုးစိုး(တရားလွှတ်တော်ရှေ့နေ)နှင့် သားသမီးများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန
### စက်မှုစီးပွားထူးချွန်ပထမဆင့်
### အသက်(၇၀)

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၂-၈-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ/ဆရာမများ၊ ပရဆေးဗေဒဌာန
ဆေးဝါးတက္ကသိုလ်(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန
### စက်မှုစီးပွားထူးချွန်ပထမဆင့်
### အသက်(၇၀)

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၂-၈-၂၀၁၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာမများ၊ ဆေးဝါးဖော်စပ်ရေးဗေဒဌာန
ဆေးဝါးတက္ကသိုလ်(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမင်းကျော်
### ဒုတိယညွှန်ကြားရေးမှူး
### အသက်(၄၉)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်း၏ခင်ပွန်း၊ မသီရိလင်းလက်၏ဖခင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းကျော်သည် ၂၃-၈-၂၀၁၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်လွင်ဦး(Chairman-EFR Group of Companies)-ဒေါ်စောစန္ဒာ (Director-EFR Group of Companies)တို့၏သားကြီးကိုဆက်နောင်ကျော် (Dy-MD-MRTWECHOIN-SPECTION CENTER) အသက် (၂၇)နှစ်သည် ၂၅-၈-၂၀၁၄ရက် (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**EFR Group of Companies Director
အဖွဲ့ဝင်များနှင့် မိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်လွင်ဦး(Chairman-EFR Group of Companies)-ဒေါ်စောစန္ဒာ (Director-EFR Group of Companies)တို့၏သားကြီးကိုဆက်နောင်ကျော် (Dy-MD-MRTWECHOIN-SPECTION CENTER) အသက်(၂၇)နှစ်သည် ၂၅-၈-၂၀၁၄ရက် (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**EFR Group of Companies
ဝန်ထမ်းများနှင့်မိသားစု**

# (၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## သမီးလေး ပန်းစုလှိုင်အေးသို့
### (၂၉-၈-၂၀၁၁) မှ (၂၉-၈-၂၀၁၄)

**သမီးလေး ပန်းစုလှိုင်အေးရေ**

သမီးကွယ်လွန်သွားတာ (၃)နှစ်ပြည့်ခဲ့ပြီဆိုပေမယ့် ဖေဖေ မေမေတို့မိသားစုအားလုံးရဲ့ ရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ နာကျင်စွာခံစားနေရဆဲပါ သမီးရယ်

သမီးလေးထားရစ်ခဲ့တဲ့ သားသားလေးကို ချစ်မြတ်နိုးစွာ ကျွေးမွေးပြုစုယုယထွေးပွေ့နေရင်းနှင့်အတူ သမီးလေးကို မိသားစုအားလုံးက ယနေ့ထိတိုင် တစ်နေ့တစ်ရက်မှ မေ့လို့မရခဲ့ပါဘူးကွယ်...

ဖေဖေ မေမေတို့မိသားစုက ဘုရားအမျှုးရှိသော သံဃာတော်အရှင်မြတ်များကို နေ့စဉ်အလှူဒါနမျိုးစုံပြုလျက် သမီးလေးအတွက် ဆုတောင်းပေးနေပါတယ်ကွယ်။ ဖေဖေတို့ မေမေတို့ မိသားစုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုရဲ့ အဖို့ဘာဂကို သမီးလေးမြင့်မြတ်တဲ့ ဘုံဘဝမှ သိနိုင်မြင်နိုင်ကြားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ သမီးရယ် ...

**သမီး ပန်းစုလှိုင်အေးရေ ...**

**အမျှ - အမျှ - အမျှ ပါသမီးရယ်**

**(သာဓု - သာဓု - သာဓု)**

**ဖေဖေ ဦးမန်းစိန်း
မေမေ ဒေါ်စိန်စိန်ဝင်း
မန်းဇရာ
ကျောက်မျက်ရတနာရောင်းဝယ်ရေးမိသားစု**

# (၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ညီမလေး ပန်းစုလှိုင်အေးသို့
### (၂၉-၈-၂၀၁၁) မှ (၂၉-၈-၂၀၁၄)

ချစ်တူလေး ရွှေမုတ်သုံ၏မိခင် မပန်းစုလှိုင်အေး ခွဲခွာသွားခဲ့တာ ၂၉-၈-၂၀၁၄ ရက်မှာ (၃)နှစ်ပြည့်ခဲ့သော်လည်း အမြဲသတိရ လွမ်းဆွတ်တမ်းတဆဲပါ။ ညီမလေးအတွက် ပြုပြုသမျှကုသိုလ်အဝဝကို မြင့်မြတ်သောဘုံဘဝက သာဓုခေါ်ဆိုနိုင်ပါစေ။

**ကိုကြီးဂျူး(ခေတ္တ-စင်ကာပူ)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးညွန့်ဦး (နေပြည်တော်)

**အသက်(၈၄)နှစ်**

သူငယ်ချင်း ကိုကျော်ဇင် (87 EC ၊ အင်းစိန် G.T.I)၏ဖခင် ဦးညွန့်ဦး သည် ၂၆-၈-၂၀၁၄ရက် (အင်္ဂါနေ့)တွင် နေပြည်တော်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုသိပ္ပံ အင်းစိန်လူမှုကူညီရေးအသင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ**

## ဦးချန်ဒရာဒေးပရာကပ်ရ်(ခ)C.D.Prakash(ခ) ဦးမောင်မောင်

**ဥက္ကဋ္ဌ(ရွှေစူပါလိုက်ကုမ္ပဏီ)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၇၁၅၊ ဒုတိယထပ်နေ ဦးမောင်မောင်ဦး၊ ဦးထွန်းထွန်းဝင်း၊ ဦးဇော်ဝင်း၊ ဦးဉာဏ်ဝင်းတို့၏ဖခင်ဖြစ်သူ ဘုရား၊သိမ်၊ကျောင်းဒါယကာ ဦးချန်ဒရာဒေးပရာကပ်ရ်(ခ) C.D.Prakash (ခ)ဦးမောင်မောင် အသက်(၆၆)နှစ်သည် ၁၇-၈-၂၀၁၄ရက် နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးJKမိသားစု**

**ကုန်မျိုးစုံရောင်းဝယ်ရေး၊ မြိတ်မြို့**

---

## ဦးအောင်ဝင်း

**B.E (Mechanical) 1977-78**

**ကျောင်းအုပ်ကြီး (ချောက် GTI ၊ မြစ်ကြီးနား THS ၊ အောင်ဆန်း THS၊ အထက-၂၊ THS ဘောင်ဒရီ၊ မအူပင် GTI၊ အင်းစိန် GTI ၊ သန်လျင်နည်းပညာတက္ကသိုလ်)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် စည်ပင်အရာရှိအိမ်ရာဝင်း၊ တိုက်အမှတ်(ဂ)၊ အခန်း(၁)နေ (ဦးအေးမောင်-ဒေါ်လှတင်)တို့၏စတုတ္ထသား၊ (ဦးဉာဏ်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းငွေ(ဌာနခွဲမှူး၊ ယာ/အုံ၊ YCDC)၏ခင်ပွန်း၊ ဦးအောင်ငွေ-ဒေါ်သန်းနွဲ့၊ (ဦးအောင်မင်း)၊ ဦးတင်အောင်-ဒေါ်စိုးစိုးဝင်းတို့၏ညီ၊ ဦးအောင်သိန်း(ညောင်ရွှေ ရဲစခန်း)-ဒေါ်မြမြ၊ ဦးဝင်းအောင်(ကြယ်ငါးပွင့်၊ ပေါင်းတည်)-ဒေါ်စန်းစန်းငွေ(ငြိမ်း၊ အထက၊ ပေါင်းတည်)၊ ဒေါ်တင်တင်အေး(ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြင်းခြံ)၊ ဒေါ်လှလှအေး(အထက-၁၊ လှိုင်)၊ (ဒေါ်ငွေးငွေးဝင်း)၊ ဦးတင်အောင်-ဒေါ်မာမာငွေး၊ ဦးဝင်းဗိုလ်တို့၏အစ်ကို၊ မောင်ဇော်လင်း၊ မောင်ဇော်သက်ထွန်း-မသက်သက်ထွန်း၊ မောင်နေပိုင်ပြည့်-မအိမ့်မွန်ခိုင်၊ မသီတာအောင်၊ မောင်အောင်ခိုင်မျိုးတို့၏ဘကြီး၊ မရွှေရည်နှင်းလှိုင်၏အဘိုးသည် ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈း၁၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

**ဝမ်းနည်းကြေကွဲခြင်း**

## အထောက်တော်သိန်းရွှေ

**(အထောက်တော်၊ မိုးကြိုး၊ မြန်မာ့အလင်း၊ ကြေးမုံ၊ ဗိုလ်တထောင်) (ငြိမ်း)**

သတင်းစာလောကမှာ နှစ်ပေါင်း(၅၀)ကျော် လက်တွဲရင်းနှီးလာတဲ့မင်းကို ထာဝရလွမ်းဆွတ်သတိရနေမှာပါ။

**ကြေးမုံ ဦးသော်၊ ကြည်ကြည်မြင့်(အထောက်တော်လှအောင် ဇနီး)၊**
**စိန်ထွန်းအောင်၊ ပျဉ်းမနား ခင်မောင်ထွေး၊ သိန်းတန်(မအူပင် လွင်ဦး)၊**
**ဟန်ဂေရီကိုကိုကြီး၊ ကြေးမုံသာဘန်း၊**
**မြန်မာ့အလင်း အောင်သန်း(မြေနီသစ္စာ)၊**
**သန်းအောင်နိုင်၊ စိန်လှကြည်(မြန်မာ့အလင်းကျော်ညွန့်ဇနီး)၊**
**သတင်းထောက်အုန်းဖေ၊ မြင့်လွင် (WPD/Guardian) ၊**
**ခင်မောင်ညွန့်(ဓာတ်ပုံ)၊ ရဲထွဋ်(ဗိုလ်တထောင်)**

---

## အထူးဝမ်းနည်းကြေကွဲရပါကြောင်း

ညီအစ်ကိုမောင်နှမများနှင့် မိသားစုအားလုံးအပေါ် အလွန်တာဝန်ကျေပွန်၍ ညီအစ်ကိုမောင်နှမများအပေါ်တွင်လည်း အစ်ကိုကောင်းတစ်ယောက်၏ တာဝန်များကို လိုသည်ထက်ပိုပြီး တာဝန်ကျေပွန်သော ဦးဇော်ဝင်း(B.E Electronic) အသက်(၅၆)နှစ် ပွဲရုံလုပ်ငန်းများပိုင်ရှင် (မော်လမြိုင်မြို့)သည် ၂၄-၈-၂၀၁၄ ရက် ညနေ ၅နာရီတွင် ကွယ်လွန်ခဲ့ပြီး ၂၅-၈-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်း 'တေလူဂူဟိန္ဒူသုသာန်' ၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ခဲ့ပြီးဖြစ်ပါသည်။

မိသားစုအပေါ်တွင်လည်းကောင်း၊ ညီအစ်ကိုမောင်နှမများ အပေါ်တွင်လည်းကောင်း၊ အလွန်တရာမှ မွန်မြတ်ကောင်းမွန်လှပြီး အားထားရသော မိသားစု၏ သူရဲကောင်းတစ်ယောက် ဆုံးရှုံးသွားပါသောကြောင့် လွမ်းဆွတ်နှမြောတသ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဟန်ဝင်းမိတ္တူ၊ ဇော်ဝင်းစာရေးကိရိယာနှင့် စတိုးမိသားစု၊ ပဲခူးမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဟာဂျီမိုဟမ္မဒ်အာနစ်(စ်)

**(သဇင်မြန်မာ-ကုန်မာပစ္စည်းရောင်းဝယ်ရေး)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၇၄၊ တတိယထပ်နေ ဟာဂျီမိုဟမ္မဒ်အာနစ်(စ်) (သဇင်မြန်မာ-ကုန်မာပစ္စည်းရောင်းဝယ်ရေး) အသက်(၄၈)နှစ်သည် ၂၀-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွန်းထွန်းဝင်းနှင့်မိသားစု**

**(ရွှေစူပါလိုက် ကုမ္ပဏီလီမိတက်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးဘုန်းနိုင်အုန်း (နိုင်ငံခြားရေးဝန်ကြီးဌာန)

**အသက်(၄၁)နှစ်**

သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(ခ/၈၉) နေ ဦးလှအုန်း-ဒေါ်သန်းသန်းနွဲ့တို့၏သား၊ ဦးစိန်အောင်-(ဒေါ်မြင့်ကြည်)တို့၏ သားသမက်၊ ဒေါ်သင်းသင်းဆွေ(နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသော ခင်ပွန်း ဦးဘုန်းနိုင်အုန်းသည် ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## ဒေါ်စိန်တင့်

**တောင်ကုတ်မြို့နယ်(ရွာမ)**

**အသက်(၉၁)နှစ်**

(ဦးကျော်ခိုင်ဦး-ဒေါ်စိန်ခိုင်ဦး)တို့၏သမီးကြီး၊ (ဦးကျော်သန်း၊ မြို့နယ်တရားသူကြီး၊ ငြိမ်း၊ တောင်ကုတ်)၏ဇနီး၊ ဒေါ်ခင်သန်းရီ-(ဦးလှမောင်)၊ ဒေါ်ခင်သန်းမြိုင်-ဦးတင်ရွှေ (တောင်ကုတ်စာတိုက်)၊ ဒေါ်ခင်သန်းရွှေ (အထပြ၊ သထုံ)၊ (ဦးထင်ကျော်၊ စက်ရုံမှူး၊ UPG)၊ ဒေါ်ခင်သန်းမေ-ဦးသန်းဆင့်၊ (ဦးတင်ထွန်း)၊ ဒေါ်ထားထားရီ-(ဦးထွန်းလွင်)တို့၏မိခင်သည် ၂၈-၈-၂၀၁၄ ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် အမှတ် ၁၅၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်တင့်

**တောင်ကုတ်မြို့နယ်(ရွာမ)**

**အသက်(၉၁)နှစ်**

ဒေါ်ခင်မာချို(အထပြ၊ရွာမ)-ဦးလှမြင့်(ငြိမ်း၊ထ-လ-ရ)၊ ဒေါ်ခင်ညိုဝင်း-ဦးတင်အောင်ဝင်း(M.I.V Co.,Ltd.)၊ ဒေါ်ချိုချိုသင်း(အထပြ၊ ရွာမ)၊ ဒေါ်တင်မိုးခိုင်-ဦးဝင်းလှိုင်(ခေတ္တ-စင်ကာပူ)၊ ဦးသောင်းထိုက်ကျော်-မစုစန္ဒီသိုက်၊ ဒေါ်သီဂီထင်ကျော်(ခေတ္တ-စင်ကာပူ) - ဦးအောင်ဖြိုးလွင်(ခေတ္တ-စင်ကာပူ)၊ မခင်ယုလှိုင်(တောင်ကုတ်စာတိုက်)-ဦးဇော်ဝင်းနိုင် (ဒု-လဝကမှူး၊ တောင်ကုတ်)၊ မနှင်းယုယုလှိုင်(ရိုးမဘဏ်)၊ ဒေါက်တာသဉ္ဇာမျိုးမြတ်(ဗဟိုစည်)၊ မောင်ဇော်မြတ်မင်း-မခင်အေးမွန်၊ မောင်ဟန်လင်းထွန်း၊ မနန္ဒာအောင်(ထ-၃၊ တာမွေ)၊ မစန္ဒကူးရွှေရည်(ထ-၄၊ တာမွေ)တို့၏ဘွားဘွား၊ မချမ်းမြေ့နေခြည်(ILBC)၊ မဆုမွန်အောင်၊ မောင်ရေမွန်ဖြိုးလွင်(ခေတ္တ-စင်ကာပူ)တို့၏ဖီးဖီးသည် ၂၈-၈-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ဝင်း B.E (Mechanical) 1977-78

**ကျောင်းအုပ်ကြီး (ချောက် GTI ၊ မြစ်ကြီးနား THS ၊ အောင်ဆန်း THS ၊ အထက-၂၊ THS ၊ မအူပင် GTI ၊ အင်းစိန် GTI ၊ သန်လျင်နည်းပညာတက္ကသိုလ်)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် စည်ပင်အရာရှိအိမ်ရာဝင်း၊ တိုက်အမှတ်(ဂ)၊ အခန်း(၁)နေ (ဦးအေးမောင်-ဒေါ်လှတင်)တို့၏စတုတ္ထသား၊ (ဦးဉာဏ်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းငွေ(ဌာနခွဲမှူး၊ ယာ/အုံ၊ YCDC)၏ခင်ပွန်း၊ မောင်မင်းမင်းအောင်-မကေခိုင်၊ မအိအိအောင်၊ မောင်အောင်မိုးမြင့်သန်း-မနန္ဒာအောင်၊ မောင်ဟိန်းထွဋ်ဇော်တို့၏ဖခင်၊ မောင်ဘုန်းမြတ်မိုးမြင့်၏အဘိုးသည်၂၈-၈-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၈း၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးဝေါင်ဆွေရင်(ခ)ကိုရိမ်း

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း(အထက်ဘလောက်)၊ အမှတ် ၂၂၄ (ပထမထပ်)နေ (ဦးဝေါင်ကင်လွန်) - ဒေါ်ကျန်ကင်ဟာတို့၏ သားထွေး၊ ရန်ကုန်မြို့၊ အမှတ် ၂၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်နန်းခင်လေးရီ(ခ)ဒေါ်ခါးခါး၏ ခင်ပွန်း၊ မနန်းအေးသီခိုင်၊ မနန်းထက်ထက်ခိုင်၊ မနန်းအေးမိထွေးတို့၏ဖခင်သည် ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်ကြည်(ခ) မမျိုးမျိုး

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက် ၃လမ်း၊ အမှတ် ၂၀ နေ (ဦးမောင်ကို)-ဒေါ်အုန်းတို့၏သမီးချွေးမ၊ ဦးတင်မောင်ဝင်း(ခ)ဦးထွန်းသန်း၏ဇနီး၊ ပဲခူးမြို့၊ ဗန္ဓုလလမ်း၊ အမှတ် ၂၇၆နေ ဦးဘိုကြည်-ဒေါ်ညွန့်ညွန့် (ဒို့ခေတ်ပုံနှိပ်တိုက်)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးမောင်လှ-ဒေါ်ရီရီသန့်၊ ဦးထိန်ဝင်း-ဒေါ်တင်တင်ချို၊ ဦးသန်းဝင်း-ဒေါ်စောမာ၊ ဦးသိန်းဇော်-ဒေါ်စန်းယု၊ ပဲခူးမြို့နေ ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဝင်း-ဒေါ်နီတာ၊ ဦးအောင်လင်း၊ ဦးမျိုးညွန့်၊ ဦးညီညီဟန်၊ ဒေါ်မမဟန်တို့၏ညီမ/အစ်မသည် ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သင်းကြည် (မုဒုံ)

**အသက်(၇၇)နှစ်**

မုဒုံမြို့နေ (ဦးကွင်း-ဒေါ်ငွေး)တို့၏ သမီး၊[ဦးဇော်လွင်(အရာခံဗိုလ်၊ ငြိမ်း)] ၏ဇနီး၊ (ဒေါ်စိန်နု)၊ (ဦးကျော်ရင်-ဒေါ်စိန်ဥ)၊ (ဦးသာအောင်-ဒေါ်စိန်ချစ်)၊ (ဦးရှိန်-ဒေါ်ကြီးမေ)၊ (ဦးစံရင်-ဒေါ်ကြီးခင်)တို့၏ညီမ၊ ဦးစံမိုး-(ဒေါ်စန်းရီ)၊ ဦးသိန်းထွန်းတို့၏အစ်မ၊ (ဦးဝင်းထိန်)-ဒေါ်တင်တင်ဝင်း၊ ဦးထွန်းငြိမ်း-ဒေါ်နှင်းဆီအေး၊ ဦးကိုကိုနိုင်-မချို၊ ဦးမြင့်လွင်-ဒေါ်တင်တင်မိုး၊ (ဦးကျော်မြင့်ထွန်း)-ဒေါ်ဇာနည်မိုး၊ ကိုဇော်မင်းလေးတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏ အဘွား ဒေါ်သင်းကြည် (မုဒုံ)သည် ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ ၁၄ လမ်း၊ အမှတ် (၈/၇၆၀)မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစောဝင်းမြင့်(ခ)ဦးဒေးဗစ် (မိတ္ထီလာ)

**အသက်(၅၂)နှစ်**

မိတ္ထီလာမြို့နေ (ဦးကျော်မြင့်-ဒေါ်အမာ)တို့၏သား၊ ရန်ကုန်မြို့ရွှေတောင်တန်းလမ်းနေ (ဦးအောင်စိန်မြင့်-ဒေါ်အောင်ကြည်) (အောင်မြင့်မိုရ်ကြေးအိုး)တို့၏သားသမက်၊ ဒေါ်ချိုချိုအောင်၏ ခင်ပွန်း၊ ဦးစောမင်းမြင့်(ခ)ဦးဆန်နီ၏ ညီ၊ ဦးအောင်ခိုင်မြင့်(ခ)ဦးမော်ရစ်-ဒေါ်သန္တာမော်၊ ဒေါက်တာ သောင်းလှိုင် - ဒေါ်ခင်သန္တာမြင့် (ခ) ဒေါ်မီမီကျော်တို့၏အစ်ကို၊ မဇေကရီမင်း (အထက-၁၊ ဒဂုံ၊ တတိယတန်း-A၊ Grade-4,A)၏ဖခင်၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၂၇-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ရန်ကျင်ဝိုး(ခ)ဦးကျင်ဝိုး

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်းလမ်းသွယ်၊ အမှတ် ၁၈နေ(ဦးဟန်စိန်-ဒေါ်လျံငါး)တို့၏သား၊ဒေါ်တန်တင်ကြူ၏ခင်ပွန်း၊ ဦးအောင်ဝင်း-ဒေါ်လှမွန်၊ ဦးသောင်းရှိန်-နော်ဂေးဖော၊ ဦးသောင်းအေး-ဒေါ်နန်းမေခိုင်၊ ဦးနေဝင်း-ဒေါ်ယုယုမော် (USA)၊ ဦးရှိုးတီတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးပေမြအုံး(ငါးသိုင်းချောင်း)

**အသက်(၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးပေကျင်ထွေး-ဒေါ်ကြိုးဝါး)တို့၏သားကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးညိုခြံ၊ အမှတ် ၂၄နေ ဒေါ်တန်ကျင်စွမ်၏ခင်ပွန်း၊ (ဒေါ်ကြက်)၏မောင်၊ (ဦးနီ)-ဒေါ်ကျင်လှိုင်၊ ဦးကျော်ဝင်း-(ဒေါ်စီစီ)၊ ဦးပုတို့၏အစ်ကို၊ ဦးပေကျင်ဟုတ်-ဒေါ်စမ်းစမ်းအေး၊ဦးပေချွန်ဟုတ်-ဒေါ်တန်လေးခင်၊ ဒေါ်ပေရှုဝါ-(ဦးမြင့်သိန်း)၊ ဦးပေဟုတ်ကြိုင်-ဒေါ်တိုးတိုးခိုင်၊ မောင်ပေဟုတ်စိန်၊ ဒေါ်ပေရှုတင်-ဦးကျော်ဝင်း၊ မောင်ချစ်လှိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၈-၈-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အမာစိန်(ခ) ဒေါ်ဆယ်ဆယ် (ဒေးဒရဲ)

**အသက်(၇၇)နှစ်**

ဒေးဒရဲမြို့၊ ကမ်းနားလမ်းနေ (ဦးထွန်း-ဒေါ်တင့်)တို့၏သမီး၊ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃/ခ ရပ်ကွက်၊ ငွေကြာရံ၊ ကြာပဒုမ္မာလမ်း၊ အမှတ် ၆၁နေ [ဦးလှ-ဒေါ်ကျင်စော(ခ) ဒေါ်စောမာလာ]တို့၏ညီမ၊ ဒေးဒရဲမြို့နေ (ဒေါ်ကျင်စိုး)၊ ဒေါ်ကျင်အေး (ဦးအောင်သန်း)၊ (ဦးကြည်ရှိန်-ဒေါ်ကျင်ရီ)၊ ဒေါ်လှတီ-ဦးစိုးတင့်၊ ဒေါ်အေးချစ်-ဦးကျော့ရှင်၊ (ဦးသောင်းတင်) - ဒေါ်ခင်လေးတို့၏ ညီမ၊ ဦးသောင်းမြင့်-ဒေါ်တင်ဥ၊ ဦးအုန်းကြိုင်-ဒေါ်ကြည်ကြည်လှိုင်၊ ဒေါ်နွဲ့နွဲ့ရီ-ဦးထွန်းထွန်းဝင်းတို့၏ အစ်မကြီး၊ တူ၊ တူမ ၄၃ယောက်တို့၏ အဒေါ်၊ မြေး ၃၈ယောက်၊ မြစ် ၁၂ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ ကြာပဒုမ္မာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ပို (မိုးကုတ်မြို့)

**အသက်(၆၅)နှစ်**

မိုးကုတ်မြို့၊ ကျပ်ပြင်ဂေါင်းဦးဘာရပ်နေ (ဦးကုလား-ဒေါ်စု)တို့၏သားကြီး၊ မန္တလေးမြို့နေ ဦးစိန်ချို-ဒေါ်သန်းသန်းတို့၏အစ်ကို၊ ဒေါ်ခင်လေး၏ခင်ပွန်း၊ ဒေါ်ခင်စောမွန်၊ ဦးဇော်မင်းသန့်-ဒေါ်အဲမီး(ခ)ဒေါ်ခင်မာတင်၊ ကိုအောင်ဆန်းဦး-ဒေါ်စောမွန်အေးတို့၏ဖခင်၊ မောင်ဘုန်းသစ်ကို၏အဘိုးသည် ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## နာရေး

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဦးဣန္ဒက(ခ)ဦးညိုရင်

**(စီးပွားရေးတက္ကသိုလ်၊ ငြိမ်း)**

**သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာဇေယျုကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဦးဣန္ဒကသည် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၃ရက်) ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၉း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ ရက်) ၂၉-၈-၂၀၁၄ရက်(သောကြာနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(မင်္ဂလာဇေယျုကျောင်းတိုက်မှ ကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

မင်္ဂလာဇေယျုကျောင်းတိုက်

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စစ်ကိုင်းတောင်ရိုးကျော်စန်းချောင်း၊ ရေတော်ကျောင်းတိုက် ဒါယကာကြီး**

## ဦးကျော်(ခ)ဦးကျော်ဆင့် (လျှပ်စစ်ပရဆေးဆိုင်)

**အသက်(၉၀)**

ရန်ကုန်မြို့၊ တိုက် ၁၂၃၊ မြေညီ+ပထမထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးသြ-ဒေါ်ငွေသိမ်)တို့၏သား၊ (ဒေါ်စန်း)၏ခင်ပွန်း၊ ဒေါ်ယဉ်မြ၊ ဦးမျိုးသိန်း-ဒေါ်အေးမြင့်ကြည်၊ ဒေါ်ခင်မာဝေ၊ ဦးငွေးလွင်-ဒေါက်တာခင်မြင့်သန်း(ကလေးအထူးကုဆရာဝန်ကြီး၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီး)၊ ဒေါ်လှဲ့လှဲ့ခိုင် (လ/ထ ကထိက၊ ငြိမ်း၊ YUFL)တို့၏ဖခင်ကြီး၊ ကိုနေလင်းထွန်း(Sky Net)၊ ကိုအောင်မျိုးလွင်၊ မစန်းဝင့်သူ(Editor)၊ မောင်အောင်ထက်မြတ်ကျော်(စာပန်းအိမ်)တို့၏အဘိုးသည် ၂၇-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးမောင်ငွေး (ငြိမ်း)

**ကြည်း-၉၇၅၀၊ O.T.S (29)**

**(ဝါးခယ်မမြို့)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ် ၂၆/စီ၊ သုံးလွှာနေ (ဦးထွန်းရင်-ဒေါ်လှရှင်)တို့၏သားကြီး၊ (ဦးအင်ဟုတ်-ဒေါ်ကြင်မှုံ)တို့၏သားသမက်၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်ငွေးငွေးသိန်း၊ ဦးကိုကိုအောင်-ဒေါ်ချယ်ရီအောင်၊ ဦးအောင်မိုး-ဒေါ်ခင်ခင်ဦး၊ ဦးကျော်စွာစိုး-ဒေါ်သီသီငွေး၊ ဦးမောင်မောင်ထွေး-ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း

**(AGTI-MP) ၁၉၉၂**

**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် ၃၉နေ ဦးထွန်းရှိန် - ဒေါ်တင်ငွေတို့၏သား၊ ညောင်လေးပင်မြို့နယ်၊ မအူတန်းကျေးရွာနေ ဦးတင်ဝင်း-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ ဦးသန်းဦး၏ညီ၊ မဇင်လေးနွယ် (အထက-၂၊ မရမ်းကုန်း)၊ မောင်ထက်မြက်လင်းတို့၏ဖခင်၊ ဒေါ်စိုးစိုးမင်း (လ/ထ ကထိက၊ ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)၏ခင်ပွန်းသည် ၂၇-၈-၂၀၁၄ရက် နံနက် ၇း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မအေးချမ်းမြတ်မိုး(ဝါဝါ)

**ဒုတိယနှစ်(အင်္ဂလိပ်)**

**(Laural Art သင်တန်းကျောင်း)**

**အသက်(၂၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဈေးလမ်းနေ ဦးစိုးဝင်း-ဒေါ်ကြည်စော၊ ရှမ်းပြည်နယ် (အင်းလေး)နေ (ဦးသိန်းအောင်-ဒေါ်ရွှေရင်)တို့၏မြေး၊ Capt: မျိုးသိန်း-ဒေါ်ခင်မျိုးဆက် (ကထိက၊ ကွန်ပျူတာသိပ္ပံဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်အောင်လင်း(2nd mate)-ဒေါ်သီတာထူးတို့၏တူမ၊ ရန်ကုန်မြို့၊ မြို့မကျောင်းလမ်း၊ ဦးဝိစာရရပ်ကွက်၊တိုက်အမှတ် ၃၂၊ အခန်း ၁၀နေ ဗိုလ်မှူးဝဏ္ဏ (ငြိမ်း)-ဒေါ်နုနုလှိုင်တို့၏ သမီးထွေး၊ မအေးချမ်းမြတ်ဖြိုး၊ မောင်အာကာဝဏ္ဏတို့၏ညီမသည် ၂၆-၈-၂၀၁၄ ရက် (အင်္ဂါနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၄ရက် နံနက် ၈နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးမျိုးမြင့်

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်နီခြံနေ (ဦးဘသန်း-ဒေါ်နီ)တို့၏မြေး၊ (ဦးမြမောင်-ဒေါ်အမာ)တို့၏သား၊ (ဒေါ်တင်မြ)၊ (ဒေါ်ခင်လှ)၊ (ဦးအောင်မောင်း)-ဒေါ်ကျင်မြိုင်တို့၏တူ၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၆၊ ဒေါ်နီခြံနေ (ဦးတင်မောင်-ဒေါ်ရီရီမြ) တို့၏မောင်၊ ဦးဘကြည်-ဒေါ်ညွန့်စိန်တို့၏အစ်ကို၊ တူ၊ တူမ ၁၅ယောက်တို့၏ဦးလေး၊ မြေး ၂၆ယောက်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၄ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သန်းဝင်း (စစ်တွေ)

**တပ်မတော်-ရေ(ငြိမ်း)**

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက် ၂၂၊ အခန်း ၁၃နေ (ဦးအောင်ကြီး) - ဒေါ်စိန်လှဦးတို့၏ သား၊(ဦးအောင်စံရွှေ)-ဒေါ်ဝေဖြူတို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေး-ဦးဘသန်း၊ ဦးမောင်မောင်သန်း-ဒေါ်သက်သက်ဆွေ၊ (ခင်မောင်သန်း)၊ ဦးထွန်းမောင်ကြီး-ဒေါ်ခင်ချိုမြတ်၊ မခင်ခင်သန်းတို့၏ညီ/အစ်ကို၊ စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်နေ ဒေါ်သန်းသန်းမြ(အလပြ)၏ခင်ပွန်း၊ မောင်ကျော်ငြိမ်းဆန်း၏ဖခင်သည် ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၂/၂၀၁၄)
၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ရခိုင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်သိန်း | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကျော်ခင် | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (၃) | ဦးမြအောင် | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| (၄) | ဦးမောင်စံရွှေ | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီးဌာန |

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြုပြင်ပြောင်းလဲရေးကိုထောက်ခံအားပေးပြီး ရင်းနှီးမြှုပ်နှံမှုပိုမိုလုပ်ဆောင်ရန် ရည်ရွယ်

တွေ့ဆုံမေးမြန်းသူ ➤ ကျော်သဲအိမ်၊ ဓာတ်ပုံ-တင်ထွန်းအောင်

**အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆာချီဟာနေးဘိသည် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်ခဲ့ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးတို့နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။**



အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆာချီဟာနေးဘိအား တွေ့ဆုံမေးမြန်းစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် တွေ့ဆုံမှုအပြီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကို နှစ်(၂၀)အတွင်း ပထမဦးဆုံးလာရောက်တဲ့ အစ္စရေးနိုင်ငံရဲ့ အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦး ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒုတိယဝန်ကြီးရဲ့ မြန်မာနိုင်ငံကိုလာရောက်တဲ့ အဓိကရည်ရွယ်ချက်ကို သိချင်ပါတယ်။**

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐

**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

# ဇွဲကပင်အသင်း အဝေးကွင်းတွင် ဂိုးပြတ်နိုင်

သတင်း-ဖိုးသော်ဇင်

**နေပြည်တော် ဩဂုတ် ၂၈**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)ကြိုကန် ပွဲစဉ်ကို ယနေ့ ညနေပိုင်းတွင် ပေါင်းလောင်းကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက နေပြည်တော်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသင်းကြီးများနှင့်တွေ့ဆုံလျှင် ကစားပုံကောင်းလေ့ရှိသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း အဝေးကွင်း၌ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ နေပြည်တော်အသင်းသည် *စာမျက်နှာ ၁၀ ကော်လံ ၅* ✻

# မူဆယ်စီးပွားရေးဇုန် ၂၀၁၇ ခုနှစ်၌ အပြီးတည်ဆောက်မည်

သတင်း-ဝေယံဦး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၈**

နယ်စပ်ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်စီးပွားရေးဇုန်ကို တည်ဆောက်လျက်ရှိရာ လာမည့် ၂၀၁၇ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောသည်။

မူဆယ် စီးပွားရေးဇုန်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နီးကပ်လျက်ရှိပြီး မူဆယ်မြို့ရှိ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းကြောင့် တရုတ်-မြန်မာကုန်သွယ်ရေးကို တိုးတက်ဖြစ်ထွန်းစေရန် အထောက်အကူပြုမည်ဖြစ်သည်။

မူဆယ်စီးပွားရေးဇုန်သည် မြေအကျယ်အဝန်းဟက်တာ ၁၂၀ ပေါ်တွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၅၄ သန်း အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်သည်။ မူဆယ်စီးပွားရေးဇုန်တွင် ဟိုတယ်၊ စားသောက်ဆိုင်၊ လူနေအိမ်၊ ကျောက်စိမ်းရောင်းဝယ်ဌာန၊ ဈေးနှင့်အရောင်း *စာမျက်နှာ ၅ ကော်လံ ၁* ◆



## စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၈ စင်တီမီတာ (၃ လက်မခန့်)တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ယနေ့ မာတိကာ

တူရကီသမ္မတအဖြစ် အာဒိုဂန် ကျမ်းသစ္စာကျိန်ဆို
စာမျက်နှာ ၄

ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေလျှံမှုများဖြစ်ပွား
စာမျက်နှာ ၁၃

ဂီရောက် လေးလကြာနားရမည်
စာမျက်နှာ ၁၄

ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....
ရွှေမြန်မာ ®
အမှတ်တံဆိပ်
SHWE MYANMAR
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၀၁၂ YR ၀၀၃၈၃၃
တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် - ၈/၂၀၁၀/တဆထလ/တိုး/၀၈၅၂
ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။
ပင်ရင်း - အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074,0973082461 , 0973082462

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်။ သောကြာနေ့

Advertisement




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ရေယာဉ်/ဆီတွဲများအား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း
## (Letter of Expression of Interest)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ရေယာဉ်/ ဆီတွဲများဖြင့် စက်သုံးဆီ သယ်ယူပို့ဆောင်သည့်လုပ်ငန်းအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊အဖွဲ့အစည်းများ၊ ပြည်ပကုမ္ပဏီများသည် ရေယာဉ်တွဲ အုပ်စုတစ်ခုချင်း(သို့မဟုတ်) အုပ်စုတစ်ခုထက်ပို၍ အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါက စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest-LOEI) တင်သွင်းရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI တွင် တင်ပြရန် လိုအပ်သည့်အချက်အလက်များနှင့် ရေယာဉ်/ ဆီတွဲအုပ်စုများ၏ အချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန၏ Website(http://www.energy.gov.mm/index.php/en/information/announcement) တွင် ရရှိနိုင်ပြီး အောက်ဖော်ပြပါလိပ်စာတွင်လည်း ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (LOEI) ကို Website တွင်ဖော်ပြထားချက်များနှင့်အညီ ရုံးအမှတ်၄၄၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်သို့ ၂၅-၉-၂၀၁၄ ရက် ၁၂:၀၀နာရီနောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။ Email/Fax ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအနက်မှ အလားအလာရှိသောလုပ်ငန်း လုပ်ကိုင်လိုသူများကို ပဏာမစိစစ်ရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားရေးမှူး**
**စီမံရေးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊**
**Fax - ၀၆၇-၄၁၁၁၂၄**
**Email-cpmdjv@ gmail. com**

## ထုပ်ပိုးပစ္စည်း(၆)မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက် - ထုပ်ပိုးပစ္စည်း(၆)မျိုး
